ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (21-4-2006) (၄၉၃၄)

ဟန်ချက်ညီညီအကောင်အထည်ဖော်

☆ နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ပို့ကုန်များ တိုးချဲ့တင်ပို့ရေး၊ သွင်းကုန်များ အစားထိုးနိုင်ရေး၊ အလေအလွင့်၊ အဆုံးအရှုံးလျော့နည်းရေး၊ ဈေးခြံချွေတာရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးစေမည်။

ဝန်ထမ်းများ နိုင်ငံတော်အစိုးရအပေါ် သစ္စာရှိရှိဖြင့် တာဝန်များကို ကျေပွန်အောင်ကြိုးပမ်းထမ်းဆောင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်တိုးတက်ရေး ဒေသအလိုက် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရန်လို အရင်းအနှီးရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ၌ရော ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ပါ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းပါဝင်

ရန်ကုန်　　ဧပြီ　　၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဧပြီ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိ မြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ မိုးလေဝသ (၂၁-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၁-၄-၂၀၀၆
(သောကြာနေ့)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံချစ်စိတ်ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတများကြွယ်ဝပြီး စီးပွားရေး တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ဖော်ဆောင်ပေးနေသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် နိုင်ငံတော်ပိုင်းမှ တာဝန်ရှိသူများသည် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးသို့ အခါမလပ် သွားရောက်ကာ စီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအား စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီလ ၁၂ ရက်နေ့မှ ၁၉ ရက်နေ့အထိ ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ ကျောက်တော်၊ အမ်း၊ ကျောက်ဖြူ၊ သံတွဲနှင့် တောင်ကုတ်မြို့များသို့ သွားရောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင်-

တိုင်းရင်းသားညီအစ်ကိုအားလုံး စုစုစည်းစည်းဖြင့် ကြိုးစားတည်ဆောက် လုပ်ကိုင်မည်ဆိုပါက အောင်မြင်မှုများ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာပြီး နိုင်ငံတော်ကြီး အတိုင်းမသိ ခေတ်မီဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်းရှိရန်၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံး ညီညွတ်ရန်ဖြစ်ကြောင်း၊ ညီညွတ်မှုရှိမှသာ၊ အလုပ်လုပ်မှသာ နိုင်ငံတော်ကြီးရော၊ ဒေသအားလုံးပါ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ရခိုင်ပြည်နယ်သည် ရေမြေသယံဇာတကြွယ်ဝပြီး စီးပွားရေး တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိရာ နိုင်ငံတော်အပိုင်းက လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ အပါအဝင် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဖန်တီးဖော်ဆောင်ပေးမှုများနှင့်အတူ ဒေသခံပြည်သူများအပိုင်းကလည်း မိမိတို့ပြည်နယ် ဖွံ့ဖြိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအလုပ်လုပ်ကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ယခင်က ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းများကိုသာ အဓိကအားထား၍ အခြား ပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်သွားလာခဲ့ရသည်။ ယခုအခါ နိုင်ငံတော်က ရန်ကုန်-အမ်း-စစ်တွေလမ်း၊ ရန်ကုန်-တောင်ကုတ်-ကျောက်ဖြူလမ်း၊ ရန်ကုန်-ငသိုင်းချောင်း-ဂွ-သံတွဲလမ်းတို့ကို ဖောက်လုပ်ပေးထားပြီဖြစ်ရာ ရခိုင်ပြည်နယ်မှ အခြား ပြည်နယ်နှင့်တိုင်းများသို့ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာ၍ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အလားအလာကောင်းများ ရရှိနေပြီဖြစ်သည်။

ပြည်နယ်အတွင်း ကမ်းလွန်ပင်လယ်ပြင်ရှိ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်များ၊ ပင်လယ်ဆိပ်ကမ်းကောင်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည့်အပြင် အပန်းဖြေကမ်းခြေများနှင့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို အခြေခံသည့် ခရီးသွားလုပ်ငန်းများလည်း ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးကို အကျိုးပြုမည့် သူငွေးရေအားလျှပ်စစ်စီမံကိန်းကို သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်း၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၁၀၂ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။ သူငွေး ရေအားလျှပ်စစ်စီမံကိန်းသည် မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်စပ်တည်ဆောက်၍ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့်အပြင် ရေလှောင်တမံ တည်ဆောက်၍ ထိန်းသိမ်းသိုလှောင်ထားရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးမှုမှလည်း ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်မှု အပြည့်အဝထားရှိ၍ ကျရာကဏ္ဍမှ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီတဂူ ရေအလှူ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်လုံးဆိုင်ရာ သီတဂူရေအလှူ အထူးတရားပွဲကို ထန်းတပင်မြို့ ရဲစခန်းရှေ့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ဟောကြားမည်

ဓမ္မသဘင်တွင် ဟောကြားမည့် ဓမ္မကထိက ဆရာတော် အရှင်သူမြတ်များမှာ ဧပြီ ၂၄ရက်(တနင်္လာနေ့)၌ ဘဒ္ဒန္တ ဆေကိန္ဒ(A.G.T.I)ပဋိပတ္တိမဟာဌာန၊ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်၊ ဧပြီ ၂၅ရက် (အင်္ဂါနေ့)၌ ဘဒ္ဒန္တ ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း) ပိဋကတ်တစ်ပုံဆောင်၊ ဧပြီ ၂၆ရက်(ဗုဒ္ဓဟူးနေ့)၌ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (D.Litt) (သီတဂူဆရာတော်) အရှင်သူမြတ်တို့က ညစဉ် ၇နာရီခွဲမှစ၍ ဗုဒ္ဓဟောကြားသုတ္တန်ဒေသနာတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံ ပြန်တမ်း

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မန္တလေးအသင်း စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မန္တလေးအသင်း(ရန်ကုန်) (၂၉)ကြိမ်မြောက်အသင်းသားများ၏ နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘွဲ့တံဆိပ်ရရှိသူများဂုဏ်ပြုပွဲနှင့် မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေ လှူဒါန်းပွဲကို မေ ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ကုန်သည်လမ်း အသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ပညာရည်ချွန်ဆုပေးပွဲ ဆုယူကြမည့် အသင်းသူ အသင်းသားများ၏ သားသမီးများသည် ဂုဏ်ထူးရ အထောက်အထားများနှင့်အတူ မေ ၅ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ အသင်းတိုက် ပန်းဘဲတန်းမြို့ ကုန်သည်လမ်းနှင့် လမ်း(၃၀)ထောင့်၊ ဖုန်း-၃၀၈၈၆၀၃ သို့ ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျိုက်လတ်နှင့် ဘိုကလေးမြို့ သို့သွားရောက် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်ဖြည့်ဆည်းပေး

ရန်ကုန် ဧပြီ ၂၀

ဧရာဝတီတိုင်း မအူပင်မြို့ မုနိရာမာရုဏ်ဓေမြို့ဦး ပေါ်တော်မူရွှေစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော် ကပ်လှူပူဇော်လှူဒါန်းခြင်း၊ ရေစင်တော်၊ (၅၀)KVA ထရန်စဖော်မာ ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချတရားတော်နာ မင်္ဂလာအခမ်းအနားကို ဧပြီ ၈ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ဂန္ဓကုဋိတိုက်အတွင်း၌ကျင်းပရာ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးအနုမိဝရအမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီး ၁၁ပါး ကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ကြည်ညိုဖူးမြော်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ အလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ တိုင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့်လည်းကောင်း၊ ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် လည်းကောင်း တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညနေပိုင်းတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘိုကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ တင်ပြမှုအပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ၉ရက် နံနက် ၇နာရီတွင် ဘိုကလေးမြို့ ပညာရေးကောလိပ်၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပညာရေးကောလိပ်သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ် သိန်း ၄၀ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပေးအပ်လှူဒါန်းရာ ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ဌေးက လက်ခံပြီး ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပညာရေးကောလိပ်ကျောင်းဆောင်များ၊ စာသင်ဆောင်များနှင့် ထမင်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မဟာသိမ်တော်ကြီး ဓမ္မာရုံတွင် ဧပြီ ၁၉ရက်ကကျင်းပရာ မြန်မာတစ်နိုင်ငံလုံးတွင် ပထမရရှိသော ပထမကျော် ဒေါ်ဝင်းဝင်းမော်အား မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဟန်(သီတဂူ)က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ (၂၃)

(21-4)02.P65 1 1/1/32, 6:09 AM

မဟုတ်မမှန် စွပ်စွဲချက်များ ဘူးပေါ်

မိုးရှင်း

"ခေါင်းဆောင်ကောင်းများသည် လမ်းမှန်ရောက်အောင် ရှေ့ဆောင်သည်။ ခေါင်းဆောင်ညံ့များကတော့ လမ်းမှားသို့ပို့၏။ လှည့်စား၏"

ရှိဗ့်ခဲရာ
(CHIV KHERA'S
LIVING WITH HONOUR)

အင်္ဂလိပ်စာရေးဆရာများအနက် ဂျော့–ဘားနတ်–ရှော(၁၈၅၆–၁၉၅၀)သည် အမှန်တရားကို ခါးခါးရှရှ ပြောတတ်ရေးတတ်လှသဖြင့် သူ့ကို မကျေနပ်သူများက လူ့ခွစာ စာရေးဆရာကြီးဟု သူ့ကွယ်ရာတွင် ခေါ်ဝေါ်လေ့ရှိကြပါသည်။ တစ်ခါသော် ဂျော့ဘားနတ်ရှောက ခေတ်ဆန်သူများ အသိုင်းအဝိုင်းအတွင်းမှ ရေပန်းစားလှသူ အမျိုးသမီးအား "ကျုပ်က ပေါင်တစ်ထောင်ပေးမယ်။ ကျုပ်နဲ့ခင်ဗျား တစ်ညနေပေးမလား" ဟု စကြည့်လိုက်၏။ ထိုအခါ အမျိုးသမီးက "ကျွန်မဟာ သိက္ခာရှိတဲ့ အမျိုးသမီး၊ အိမ်ထောင်နဲ့ရှင့်။ ရှင် ရဲတင်းလွန်းလှချည်လား"ဟု ပက်ခနဲပြန်ပြောလေ၏။ ဤတွင် ဘားနတ်ရှောက "ကဲဗျာ–ပေါင်တစ်သောင်းဆိုရင် ကော"ဟု ဆက်ပြောပြန်၏။ သည်အခါ အမျိုးသမီးက သူ့ယောကျ်ားကို ချက်ချင်းခေါ်ပြီး တိုင်ကြားမည့် ဟန်ပင် ပြင်လေသည်။ ဤအခြေအနေမှာပင် ဘားနတ်ရှောကြီးက အလျှော့မပေးသည့်အပြင် "ကဲ–ပေါင်တစ်သန်းဗျာ ဘယ့်နှယ့်လဲ"ဟု ပြောပြန်၏။

သည်အချိန်တွင်တော့ အမျိုးသမီးသည် မျက်နှာအမူအရာ ပြောင်းသွား၏။ "မဆိုးပါဘူး ဖြစ်နိုင်ပါတယ်"ဟု ခေါင်းညိတ်လိုက်၏။ နောက်ပိုင်း၌ ဘားနတ်ရှောက "ကဲ–အခု တို့က မင်းကို ဆယ်ပေါင်ပဲပေးမယ် ဆိုရင် မင်းဘာလုပ်မလဲ"ဟု မေးလိုက်ပြန်၏။

အမျိုးသမီးသည် ဒေါသဖြင့် အသားတဆတ်ဆတ်တုန်သွား၏။ "မစ္စတာရှော၊ ရှင် ကျွန်မကို သက်သက်စော်ကားတာပဲ။ ရှင် ကျွန်မကို ဘယ်လိုမိန်းမစားထင်လို့လဲ"

ထိုအခါ ဘားနတ်ရှောက အေးဆေးတည်ငြိမ်စွာပင် ပြန်ပြောလိုက်သည်မှာ "မင်း ဘယ်လိုမိန်းမစားလဲဆိုတာ တို့သိခဲ့ပြီးပြီလေကွာ၊ ခုဟာက ဈေးဆစ်နေတာလေ"တဲ့။

အတုအယောင် ခေါင်းဆောင်သည် အမြင့်ဆုံးပေးသည့် ကြေးဇာကို မခံနိုင်ချေ။ အတုအယောင် ခေါင်းဆောင်သည် သန်းကြွယ်အပြိုးကို အမြဲတစေဆင်မြန်းထားတတ်သည်။ သူက သန်းကြွယ်သူဌေးကိုသာ ပြုံးပြလေသည်။ သာမန်ဆင်းရဲသားများကိုမူ လှည့်တောင်မကြည့်ပေ။ ဆင်းရဲသော စက်ရုံအလုပ်သမား အလုပ်သမ ငါးသောင်းကျော် အလုပ်လက်မဲ့ဖြစ်သွားအောင် လုပ်ဆောင်ဖို့လည်း ဝန်မလေးချေ။ ဝန်ထမ်းဦးရေ တစ်သန်းခန့် လစာဝင်ငွေ လေးငါးဆတိုး၍ ရလာခြင်းကိုလည်း ဝမ်းမသာနိုင်ရှာပေ။ ဇာတိအစဉ်အလာနှင့် မိဘမျိုးရိုး၏ ဂုဏ်သရေကို ဖျက်ရန်လည်း အရှက်မရှိတတ်ချေ။ အတုအယောင်ခေါင်းဆောင်သည် သိုးရေခြုံထားသော ဝံပုလွေနှင့်တူ၏။ သူသည် မှားနေ၏။ သို့သော် မှန်နေပုံပေါက်အောင် လုပ်ဆောင်နေ၏။

အတုအယောင်ဆိုသော ခေါင်းဆောင်ကို ကျွန်ုပ်တို့သည် မည်ကဲ့သို့ ခွဲခြားသိမြင်နိုင်ပါသလဲ။ ဤမေးခွန်း၏ အဖြေကို အနောက်တိုင်းသား မျက်နှာဖြူများပြောလေ့ရှိခဲ့သော အောက်ပါပုံပြင်ကို ဖတ်ကြည့်လျှင် အဖြေဖော်ထုတ်နိုင်လောက်ပါသည်–

တစ်ခါသော် ဆရာဝန်တစ်ဦး၊ အင်ဂျင်နီယာတစ်ဦးနှင့် နိုင်ငံရေးသမား တစ်ဦးတို့သည် တစ်ပြိုင်တည်းသေဆုံးသွားကြပြီး ကောင်းကင်ဘုံ တံခါးဝကို ရောက်သွားကြလေသည်။ ဤအခါမှာ စိန့်ပီတာက "တစ်နေရာရာမှာ တစ်ခုခုတော့ မှားနေပြီ၊ တို့က တစ်ဦးပဲ လက်ခံနိုင်တယ်၊ အခု မင်းတို့က သုံးဦးတစ်ပြိုင်တည်း ရောက်လာကြတယ်၊ တစ်နေရာပဲ လက်ခံနိုင်တာဆိုတော့ ဘယ်သူ့ကို လက်ခံရမလဲ"

နောက်ဆုံးတွင် ပြောကြဆိုကြရင်း အဖြေထွက်လာသည်။ ရှေးအကျဆုံးအလုပ်ကို လုပ်ခဲ့သူသာ ကောင်းကင်ဘုံထဲ ဝင်ပါစေ။ ကောင်းပြီ။ မည်သူက ရှေးဦးအကျဆုံးအလုပ်မျိုးကို လုပ်ခဲ့ပါသနည်း။ ပြောကြပါဦး။ သည်တော့ ဆရာဝန်က ထရပ်ကာ–

"အာဒံရဲ့ နံရိုးကိုထုတ်ယူပြီး ဧဝကို ဖန်ဆင်းတာဟာ ဆရာဝန်တစ်ယောက်ရဲ့ အလုပ်မပါဘဲ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျုပ်သာ ကောင်းကင်ဘုံထဲ ဝင်ခွင့်ရသင့်ပါတယ်"

အင်ဂျင်နီယာကလည်း ထရပ်ပြီး–

"နေဦးဗျ။ အဲဒီလိုပြောလို့ ဘယ်ရမှာလဲ၊ ထာဝရဘုရားသခင်က အာဒံနဲ့ဧဝကို မဖန်ဆင်းခင် ပရမ်းပတာ ဝရုန်းသုန်းကား အခြေအနေတစ်ခု ရှိသေးတယ်လေ။ အဲဒီအခြေအနေတွေကို ကောင်းသွားအောင် ဆောင်ရွက်တဲ့အခါ အစီအစဉ်ဆိုတာ လိုလာပြီ။ အဲဒီအစီအစဉ်တွေကို ရေးဆွဲချမှတ်တာမျိုးက ကျုပ်တို့ အင်ဂျင်နီယာအလုပ်ဗျ။ ဒါ့ကြောင့် ကျုပ်က ဆရာဝန်ထက် အရင်ကျနေတယ်လေ။ ကောင်းကင်ဘုံထဲ ဝင်ခွင့်ရသင့်သူဟာ ကျုပ်ပေါ့ဗျာ"

သည်အခါ နိုင်ငံရေးသမားက ထပြီးခုန်လိုက်ကာ "ကဲ–ခင်ဗျားတို့ နှစ်ယောက်လုံး နေရစ်ကြ။ စောစောက အင်ဂျင်နီယာပြောတဲ့ ဝရုန်းသုန်းကား ပရမ်းပတာအခြေအနေဆိုတာ ဘယ်သူဖန်တီးခဲ့သလဲ သိလား။ တခြားသူတွေ မဟုတ်ဘူးဗျို့။ ကျုပ်တို့ နိုင်ငံရေးသမားတွေဗျ။ ဒါ့ကြောင့် ကျုပ်က အဦးဆုံး၊ ရှင်းပြီလား။ ဒါ့ကြောင့် ကျုပ်သာလျှင် ကောင်းကင်ဘုံထဲ ဝင်သင့်တယ်။ ဟဲ–ဟဲ "

အတုအယောင်ခေါင်းဆောင်များသည် ကျင့်ဝတ်သိက္ခာ မထိန်းကြချေ။ လောဘသာ ရှိနေသည်။ မှန်မှန်မှားမှား အရေးမထား။ ဆူဆူပူပူ ဝရုန်းသုန်းကား ဖြစ်ချင်လည်းဖြစ်။ လူတကာ စိတ်ညစ်ချင်ညစ်။ ဘယ်သူတွေ ဘယ်လောက်ပင်ဒုက္ခရောက်စေ သူ မမှုချေ။ သူ့ကိုယ်ကျိုးအတွက်အတွက်သာ လုပ်ဆောင်တတ်ပေသည်။ အနောက်နိုင်ငံအချို့တွင်မူ နိုင်ငံရေးသမားများအပေါ် လူထု၏ ယုံကြည်အားထားမှု ကျဆင်းလျက်ရှိကြောင်း စစ်တမ်းကိန်းဂဏန်းနှင့် သဘောထားလေ့လာချက်တွေအရ တွေ့ရှိကြရ၏။ တိုင်းပြည်နှင့်လူမျိုး၏ အကျိုးကို ဦးထိပ်ထားရကောင်းမှန်းမသိ၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားချင်သော နိုင်ငံရေးသမားအချို့သည် ဆူဆူပူပူ အုံကြွမှုတွေဖြစ်လာလျှင် သူတို့နေရာရမည်ဟု စိတ်ကူးယဉ် မျှော်မှန်း တတ်ကြသည်။ ဝေးစွ။ အေးချမ်းသာယာပြီး နိုင်ငံတကာနှင့် တန်းတူယှဉ်နိုင်အောင် ဖွံ့ဖြိုးတိုးတက်ချင်ကြသော ပြည်သူလူထု၏ဆန္ဒကို ပိတ်ပင်ဟန့်တား ဖျက်ဆီးထားသဖြင့် လူထုတစ်ရပ်လုံးက မည်မျှအထိ ချဉ်တူးနေပြီကို သူတို့ နားမလည်ချေ။ ခါးသီးရှုံ့ရှာနေကြသည်ကို သဘောမပေါက်သေးချေ။ ဖောက်ခွဲဖျက်ဆီးရေး၊ လုပ်ကြံသတ်ဖြတ်ရေး၊ အစုလိုက်အပြုံလိုက် သေကျေစေပြီး လူတွေ ထိတ်လန့်ချောက်ချားအောင် အမျိုးမျိုး လုပ်ဆောင်ချင်သေး၏။ အမိုက်တကာ့ဘုရင်၊ အမှားတကာ့ ထိပ်ခေါင် ဖြစ်နေကြသည်။

မှန်ကန်သော ခေါင်းဆောင်မှုဆိုသည်မှာ ပြည်သူလူထုကို အမှန်တကယ် အကျိုးပြုသော လက်တွေ့လုပ်ဆောင်မှုများဖြင့် သက်သေပြရသည်။ အတ္တကို ဗဟိုမပြုရ။ အများကို ဗဟိုပြုရသည်။ (အချို့ကမူ ပါးစပ်က ပြောတော့ ဒီမိုကရေစီ၊ လက်တွေ့လုပ်ရပ်က မင်းမဲ့စရိုက်၊ အကြမ်းဖက်၊ စည်းကမ်းဥပဒေချိုးဖျက်ခြင်း)

ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတက်ပြီး နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားပျက်ပြားရေးကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သူတစ်ဦးသည် မူးရူးရမ်းကားပြီး ဆိုက်ကားဆရာတွေနှင့် ရန်ပွဲဖြစ်ကာ မိုက်ဇာတ်သိမ်းသွားသည်။ ဘယ်အစိုးရဝန်ထမ်းကမှ လက်ဖျားဖြင့်မတို့ခဲ့ပါ။ သို့ရာတွင် BBC, VOA,RFA၊ အင်တာနက်ဝက်ဘ်ဆိုက် စသည်တို့က ရဲတွေနှင့် မီးသတ်တပ်ဖွဲ့ဝင်တွေက ဝိုင်းဝန်းရိုက်နှက်ပါသည်ဟု ကျိုးကန်းတွေအော်သကဲ့သို့ အလန့်တကြားဝိုင်းအော်ခဲ့ကြသည်။ ကြားရသူပဲ သနားရ မလိုလို၊ ဒေါသဖြစ်ရမလိုလို၊ ဒီအဖြစ်မျိုး တကယ်ပဲရှိသလား။ စိတ်လှုပ်ရှားအောင် နှိုးဆွပေးကြသည်။ ကျွန်မသားကြီးကို သူတို့က မတရား ဝိုင်းရိုက်ကြပါတယ်။ ဘာဘာညာညာ ငိုသံပါကြီးနှင့် မကြာခဏ အသံလွှင့် ခဲ့ကြ၏။ သတင်းစာရှင်းလင်းပွဲမှာ ရဲချုပ်က သေချာတိကျစွာ ရှင်းပြမှ အဖြစ်မှန်သိရသည်။ မူးယစ်သောက်စားထားသူက မိုက်မိုက်ရိုင်းရိုင်းဖြင့် ပတ်ဝန်းကျင်မှ လူအများကို ဓားတယမ်းယမ်း စော်ကားသဖြင့် သည်းမခံနိုင်သူတို့က တုံ့ပြန်လိုက်ကြခြင်းပါတကား။ သနားစရာမရှိ။ သူ့အကုသိုလ်ကံက သူ့ကိုအကျိုးပေးခြင်းပင်။ ဘယ်သူမပြု မိမိမှုပင်။

ထိုသူ၏ အသုဘသို့ စုဝေးရောက်ရှိလာကြသူ အချို့က တစ်မိနစ်ငြိမ်သက်ပြီး အလေးပြုကြသေးသည်ဆို၏။ အခြားအသုဘတစ်ခုတွင်လည်း သူ့ကိုယ်သူခေါင်းဆောင်ဟု ထင်မှတ်နေသူ လူလတ်တစ်ဦးကို ကြည့်မရသူတစ်ဦးက လက်သီးဖြင့်ဝင်ထိုးခဲ့ဖူးသည်။ သည်မှာတင် သူတို့လို ဒီမိုကရေစီနိုင်ငံရေးလုပ်နေသူတို့ကို ရန်စနေပါပြီ။ ထိုးနှက်နေပါပြီ။ သတိထားကြပါ။ လွန်ကဲစွာ မတုံ့ပြန်ကြပါနှင့်၊ သည်းခံကြပါ။ ဘာဘာညာညာ အော်ဟစ်အသံပေးကြပြန်သည်။ VOA, BBC, RFA၊ အင်တာနက် ဝက်ဘ်ဆိုက်တို့မှတစ်ဆင့် တကယ်လိုလိုပင်။ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ဝိုင်းပြီးလိမ်ညာကြ၏။

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက သေသေချာချာ ရှင်းပြလိုက်မှ အားလုံးရှင်းသွားပါတော့သည်။ စိတ်မနှံ့သော NLDအဖွဲ့ဝင်တစ်ယောက်က သူတို့အချင်းချင်း လက်သီးဖြင့်ထထိုးလိုက်ခြင်းမျှသာ။ အချင်းချင်းသူ့ဘာသာသူ အထိုးခံရတာကိုပင် သူရဲကောင်းကြီးဖြစ်အောင် လှည့်စားဖြားယောင်းကာ အသံကောင်းဟစ်ရဲ၏။ အံ့သြစရာလူတွေပဲ။ လူလိမ်လူညာတွေပါလား။

၁၉၈၈ မတိုင်မီက မဟုတ်မဟတ်စွပ်စွဲခြင်း၊ အသရေဖျက်ခြင်း၊ မမှန်မကန်သတင်းများလွှင့်ထုတ်ခြင်း၊ သိက္ခာချခြင်းတို့ဖြင့် ပြည်ပလေလှိုင်းသံအချို့သည် ဩသံပေးကာ ပြည်သူလူထုကို လှုံ့ဆော်ခဲ့ဖူးသည်။ ထိုစဉ်အခိုက်အတန့်က လက်ရှိအခြေအနေအပေါ် အလိုမကျအားမရဖြစ်နေကြသူများကို မီးလောင်ရာလေပင့် လုပ်နိုင်ခဲ့ခြင်းသာဖြစ်သည်။

ယခုတစ်ဖန် မသမာသောနည်း၊ ယုတ်မာကောက်ကျစ်သောနည်း၊ သိက္ခာမဲ့သောနည်း၊ ငါးဖယ်လှန်ကာ ပြောင်းပြန်လှန်သောနည်းတွေနှင့် မီဒီယာစစ်မျက်နှာဖွင့်လျက် VOA, BBC, RFA တို့က အရှက်မဲ့စွာ လိမ်ညာမှိုင်းတိုက်နေကြပြန်ပေပြီ။ သို့သော် ၁၈နှစ်ကာလအတွင်း ကမ္ဘာအဝန်းဖြန့်ကြက်၍ ကြည့်တတ်၊ မြင်တတ်၊ ဆင်ခြင်တတ် ခဲ့ကြပြီဖြစ်သော ပြည်သူလူထုသည် အချိန်ထု၏အတွေ့အကြုံကို ဖြတ်သန်းခဲ့မှုကြောင့် အမြင်ကျယ်ခဲ့ကြလေပြီ။ အရှက်အကြောက်မဲ့စွာ ပြည်တွင်းရေးဝင်ရောက်စွက်မှုတွေကိုလည်း လုံးဝလက်မခံ။

မဟုတ်မမှန် စွပ်စွဲချက်များဖြင့် မည်မျှပင် သကြားလူးထားပါသော်လည်း အဆိပ်ကိုအဆိပ်ဟု နားလည်တတ်ပေပြီ။ ခေါင်းဆောင်ကောင်းနှင့် ခေါင်းဆောင်ညံ့ကို လက်တွေ့ပကတိ စံချိန်စံညွှန်းများကို ကြည့်လျက် ကောင်းစွာ ခွဲခြားတတ်ကြပြီ။ ဘူးပေါ်သလို ပေါ်လေပြီ။ ။

အတုအယောင် ခေါင်းဆောင်သည် အမြင့်ဆုံးပေးသည့် ကြေးဇာကို မခံနိုင်ချေ။ အတုအယောင် ခေါင်းဆောင်သည် သန်းကြွယ်အပြိုးကို အမြဲတစေဆင်မြန်းထားတတ်သည်။ သူက သန်းကြွယ်သူဌေးကိုသာ ပြုံးပြလေသည်။ သာမန်ဆင်းရဲသားများကိုမူ လှည့်တောင်မကြည့်ပေ။ ဆင်းရဲသော စက်ရုံအလုပ်သမား အလုပ်သမ ငါးသောင်းကျော် အလုပ်လက်မဲ့ဖြစ်သွားအောင် လုပ်ဆောင်ဖို့လည်း ဝန်မလေးချေ။ ဝန်ထမ်းဦးရေ တစ်သန်းခန့်လစာဝင်ငွေ လေးငါးဆတိုး၍ ရလာခြင်းကိုလည်း ဝမ်းမသာနိုင်ရှာပေ။ ဇာတိအစဉ်အလာနှင့် မိဘမျိုးရိုး၏ ဂုဏ်သရေကို ဖျက်ရန်လည်း အရှက်မရှိတတ်ချေ။ အတုအယောင်ခေါင်းဆောင်သည် သိုးရေခြုံထားသော ဝံပုလွေနှင့်တူ၏။ သူသည် မှားနေ၏။ သို့သော် မှန်နေပုံပေါက်အောင် လုပ်ဆောင်နေ၏။

ညီမျှမှုမရှိသော လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီမှု တောင်ကိုရီးယားက အမေရိကန်နှင့် ပြုလုပ်မည်မဟုတ်ဟုဆို

ဆိုးလ် ဧပြီ ၁၈

နှစ်နိုင်ငံအကြား တူညီမျှတမှုမရှိသော လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီမှု (အက်ဖ်တီအေ)ကို တောင်ကိုရီးယားနိုင်ငံက အမေရိကန်နှင့် ပြုလုပ်မည်မဟုတ်ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ခမ်ရန်ချွန်က ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ညီမျှမှုမရှိသော သဘောတူညီမှုကို မိမိတို့နိုင်ငံက လက်ခံရန် အလွန်ခက်ခဲကြောင်း ပြည်ပ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ခမ်က ပြောကြားသည်။

အက်ဖ်တီအေကို နောက်နှစ်အစောပိုင်းတွင် အကောင်အထည်ဖော်ရန်အတွက် အပြီးသတ် စေ့စပ်ညှိနှိုင်းမှုကို ဇွန်လတွင် ပြုလုပ်သွားရန် ဖေဖော်ဝါရီ ၂ရက်တွင် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။

ယခုနှစ် ဧပြီ ၁၇ရက်တွင် ကုန်သွယ်ရေး ကတိစာချုပ်ကိစ္စအတွက်အမေရိကန်တာဝန်ရှိသူများနှင့် ဒုတိယပတ် ပြင်ဆင်ညှိနှိုင်းမှုပြုလုပ်နိုင်ရန် တောင်ကိုရီးယားနိုင်ငံ စေ့စပ်ညှိနှိုင်းရေး ကိုယ်စားလှယ်ဖြစ်သူ ဝန်ကြီး ခမ်ဂျွန်ဟွန် ဝါရှင်တန်မြို့သို့ သွားရောက်ခဲ့သည်။

ထိုသို့ဆွေးနွေးရာ၌ လျှပ်စစ်၊ ရေ၊ ဓာတ်ငွေ့နှင့် ရထားလုပ်ငန်းကဏ္ဍများကို ညှိနှိုင်းဆွေးနွေးမှုများတွင် ထည့်သွင်းမည်မဟုတ်ကြောင်း ဝါရှင်တန်သို့ မထွက်ခွာခင် ခမ်ဂျွန်ဟွန်က ယွန်ဟပ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၀၄ခုနှစ် ကုန်သွယ်ရေးတွင် အမေရိကန် ဒေါ်လာ ၇၂ဘီလီယံ ရရှိခဲ့သည်။ ယခုနှစ်တွင်လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် အကောင်အထည်ပေါ်ပေါက်ခဲ့လျှင် အမေရိကန်နိုင်ငံသို့ တင်ပို့သော တောင်ကိုရီးယား ပို့ကုန်လုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၇ဒသမ ၁ဘီလီယံရှိမည်ဖြစ်ပြီး ယမန်နှစ်ကထက် ၁၅ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားလာဖွယ်ရှိကြောင်း၊တင်သွင်းကုန်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံရှိပြီး ယမန်နှစ်ကထက်၃၉ဒသမ၄ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံတကာ စီးပွားရေးမူဝါဒအဖွဲ့က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ချီလီ၊ စင်ကာပူတို့နှင့် လွတ်လပ်စွာ ကုန်သွယ်ရေး ဆောင်ရွက်လျက်ရှိသည်။ ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေး အဖွဲ့ဝင်များဖြစ်သော ဆွစ်ဇာလန်၊ နော်ဝေ၊ အိုင်ယာလန်နှင့် လီချစ်စတိန်း နိုင်ငံတို့နှင့် ဇူလိုင်လတွင်လွတ်လပ်စွာ ကုန်သွယ်ရေးကို ဆောင်ရွက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် အက်သနော ၈၅ ရာခိုင်နှုန်းပါဝင်သည့် ဇီဝလောင်စာသုံး ကားတစ်စီး ဆီဖြည့်နေသည်ကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှုနှုန်း များပြားလာ

ပေကျင်း ဧပြီ ၁၈

တရုတ်နိုင်ငံ၏ ကုန်အမှတ်တံဆိပ်လျှောက်လွှာများ မှတ်ပုံတင်မှုသည် ဆယ်စုနှစ်၏ ပထမငါးနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၂၅ဒသမ၂ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ထိုသို့များပြားလာမှုသည် နိုင်ငံ၏ ပြည်တွင်း စုစုပေါင်းထုတ်ကုန်မြင့်တက်မှုနှုန်း၏ နှစ်ဆကျော်ရှိကြောင်း သတင်းတစ်ရပ်၌ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ၂၀၀၅ခုနှစ် နှစ်ကုန်အထိ ဒေသများနှင့် နိုင်ငံ ၁၃၂ နိုင်ငံများမှ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်လွှာသည် စုစုပေါင်း ၂၄၉၉ သန်းရှိခဲ့ပြီး ထိုအထဲမှ ပြည်ပနိုင်ငံများမှ အမှတ်တံဆိပ် မှတ်ပုံတင်မှုသည် ၄၄၂၀၀၀ ရှိသည်ဟု တရုတ်နိုင်ငံမူပိုင်ခွင့်ထိန်းသိမ်းရေးအဖွဲ့(အိုင်ပီအာ)မှ ဧပြီ ၁၇ ရက် စာရင်းအင်းများတွင် ဖော်ပြခဲ့သည်။

ပေကျင်းမြို့ တရုတ်ပြည်သူ့တော်လှန်ရေးစစ်သမိုင်းပြတိုက်၌ အိုင်ပီအာ စာရင်းများကို ပြသခဲ့သည်။ တရုတ်နိုင်ငံသည် အမှတ်တံဆိပ် မှတ်ပုံတင်အရေအတွက်တွင် လွန်ခဲ့သော လေးနှစ်အတွင်း၌ ကမ္ဘာတွင် အများဆုံးနိုင်ငံဖြစ်ခဲ့သည်။

တရုတ်နိုင်ငံတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်မှုကို ၁၉၈၁ခုနှစ်မှ စတင် အကောင်အထည် ဖော်ဆောင်ခဲ့သည်။ ၁၄ နှစ်တာကာလတွင် ထိုမှတ်ပုံတင်ရန် လျှောက်လွှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ၁၀၀၀၀၀ ရှိပြီး ယမန်နှစ်က လျှောက်လွှာသည် ၄၀၀၀၀၀ သို့ ရောက်ရှိခဲ့ကာ နှစ်အလိုက် လျှောက်လွှာအများဆုံးနှစ် ဖြစ်ခဲ့သည်။

တရုတ်နိုင်ငံ၏ ပြည်ပ ကုန်အမှတ်တံဆိပ်လျှောက်လွှာများလည်း များပြားခဲ့သည်။

၂၀၀၅ခုနှစ် နှစ်ကုန်ပိုင်းအထိ ကုန်အမှတ်တံဆိပ် လျှောက်လွှာသည် ၂၀၀၄ခုနှစ်ကထက် ပိုမိုများပြားလာပြီး ရာခိုင်နှုန်းအားဖြင့် ၃၁ဒသမ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကမ္ဘာ့ပညာရပ်ဆိုင်ရာ မူပိုင်ခွင့်ထိန်းသိမ်းရေးအဖွဲ့မှ ထုတ်ပြန်သော စာရင်းအင်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အန္တာတိတ်ဒေသ သုတေသန သင်္ဘောမှ ဝန်ထမ်းတစ်ဦး ပျောက်ဆုံးနေ

ဝါရှင်တန် ဧပြီ ၁၉

အန္တာတိတ်ဒေသ၌ သုတေသနပြုလုပ်နေသည့် သင်္ဘောတစ်စင်းမှ သင်္ဘောဝန်ထမ်းတစ်ဦး ပျောက်ဆုံးနေပြီး သင်္ဘောပေါ်မှ လှိုင်းလေပြင်းထန်သော ပင်လယ်အတွင်း လိမ့်ကျသွားကာ သေဆုံးသွားဖွယ်ရှိကြောင်း အမျိုးသားသိပ္ပံအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါအဖွဲ့မှ သုတေသနပြုလုပ်နေသည့် သင်္ဘောသည် အန္တာတိတ်ကျွန်းဆွယ် ရှီပါလ်မာစခန်းမှ ချီလီနိုင်ငံ ပွန်တာအရီနာဒေသသို့ ထွက်ခွာလာရာ တနင်္လာနေ့တွင် ထိုသင်္ဘောဝန်ထမ်းပျောက်ဆုံးနေကြောင်း သိရှိကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



စိုက်ပျိုးရေးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာသည့် ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာရှိ သစ်သီးဝလံရောင်းချသော ဆိုင်တစ်ဆိုင်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့်အိန္ဒိယ ကုန်သွယ်မှု ယခုနှစ်၌ ဒေါ်လာ ၂၀ ဘီလီယံရှိရန် မျှော်မှန်း

ပေကျင်း ဧပြီ ၁၀

တရုတ်နိုင်ငံသည် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ယခုနှစ်၌ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံကျော်ရှိရန် မျှော်မှန်းထားကြောင်း၊ ခြောက်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့် ရှိမည်ဖြစ်ကြောင်း ကုန်သွယ်ရေးလုပ်ငန်း တာဝန်ရှိသူများက ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

တိုးတက်

တရုတ်နှင့် အိန္ဒိယကုန်သွယ်ရေးလုပ်ငန်းသည် ယမန်နှစ်က စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပေကျင်း၌ ကျင်းပပြုလုပ်သော တရုတ်-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ၌ တရုတ် နိုင်ငံတကာ ကုန်သွယ်ရေး မြှင့်တင်မှုကောင်စီ (စီစီပီအိုင်တီ) ဥက္ကဋ္ဌ ဝန်ဂျီယံလ်က ပြောကြားသည်။

အရှေ့တောင်ပိုင်း၌ တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်သည် အိန္ဒိယနိုင်ငံဖြစ်လာခဲ့ပြီး တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံသည် ဒုတိယအကြီးမားဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်လာသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးသည် မျက်မှောက်ကာလမှ ခြောက်နှစ်တာကာလအတွင်း၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့်သို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ ထို့အပြင် လာမည့် ငါးနှစ်အတွင်း တရုတ်နိုင်ငံ၌ အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ပိုမိုရင်းနှီးမြှုပ်နှံဖွယ်ရှိသည်။

တရုတ်နိုင်ငံ၌ ယမန်နှစ်ကုန်ပိုင်းထိ အိန္ဒိယနိုင်ငံမှ ရင်းနှီးမြှုပ်နှံငွေသည် အမေရိကန်ဒေါ်လာ ၁၂၂ သန်းရှိကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောနစ်မြုပ်မှု အသက်ရှင်သူ ၄၁ ဦးကို တွေ့ရှိ

ဂျကာတာ ဧပြီ ၁၉

အင်ဒိုနီးရှားနိုင်ငံ နုဆာတန်ဂါရာ ပြည်နယ် အရှေ့ဘက်၌ ကူးတို့သင်္ဘောတစ်စင်း ဧပြီ ၁၇ ရက် အစောပိုင်း၌ နစ်မြုပ်ခဲ့ရာမှ အသက်ရှင်ကျန်ရစ်သူ ၄၁ ဦးကို ဧပြီ ၁၈ ရက်တွင် အင်ဒိုနီးရှား ကယ်ဆယ်ရေးအဖွဲ့က တွေ့ရှိခဲ့ကြောင်း၊ သို့သော် ကျန်ရှိသော အခြားခရီးသည်များ၏ ကံကြမ္မာကို မသိရသေးကြောင်း သတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ဂျကာတာမြို့ အရှေ့ဘက် ကီလိုမီတာ ၂၀၀၀ ခန့်ရှိ နဒိုကျွန်း၌ ကူးတို့သင်္ဘောသားခြောက်ဦး အပါအဝင် အသက်ရှင်ကျန်ရစ်သူများ သောင်တင်နေခဲ့သည်။ တန်ချိန် ရှစ်တန်သာ သယ်ဆောင်နိုင်သည့် ဘာဗီစတာ-၂ ကူးတို့ သင်္ဘောသည် လူ ၁၀၀ ကို သယ်ဆောင်ခဲ့မှုကြောင့် နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်။

အသက်ရှင်ကျန်ရစ်သူ အားလုံးသည် ယခုချိန်ထိ ကျွန်း၌ပင်ရှိနေကြောင်း၊ ၎င်းတို့ကို ကယ်ဆယ်ရေး လုပ်ငန်း လုပ်ဆောင်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်များက ဆေးအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များကို ပို့ဆောင်ခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဂျမ်သီရက်စ်၏ ပြောကြားချက်ကို ဒီတီစ်ကွမ်သတင်းဌာနက ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်းရှိ ကွန်ပျူတာရောင်းချသော ဆိုင်တစ်ဆိုင်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီနိုင်ငံ ရိုဘိုဝတ်ချ်ကာကွယ်ရေးပစ္စည်းကုမ္ပဏီ၏ အန္တရာယ်များသော ပစ္စည်းများကို ကိုင်တွယ်ရာ၌ သုံးသည့် အဝေးထိန်းစနစ်သုံးစက်ရုပ်တစ်ရုပ်ကို ဘာလင်မြို့၌ ဧပြီ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန် နျူကလီးယားကိစ္စကို ပိတ်ဆို့သည့်နည်းဖြင့် အရေးယူမှု ရုရှားက ဆန့်ကျင်ကြောင်း ပြောကြား

မော်စကို ဧပြီ ၁၉

အီရန်နျူကလီးယားကိစ္စနှင့်စပ်လျဉ်း၍ပိတ်ဆို့သည့်နည်းလမ်းသုံး၍ ဖြေရှင်းမှုကို ရုရှားနိုင်ငံက ဆန့်ကျင်ကြောင်း ရုရှား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မစ်ခေးကာမီနန်က ယင်းကိစ္စနှင့် ပတ်သက်သည့် ခြောက်နိုင်ငံညှိနှိုင်းဆွေးနွေးပွဲ မကျင်းပမီ မော်စကိုမြို့တွင် အင်္ဂါနေ့က ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာအပေါ် ပိတ်ဆို့သည့်နည်းသို့တည်းမဟုတ်အင်အားသုံးသည့်နည်းလမ်းဖြင့် ဖြေရှင်း၍မရနိုင်ဟု ၎င်း၏ ပြောကြားချက်ကို ကိုးကား၍ အီတာတပ်စ်သတင်းဌာနက ဖော်ပြသည်။

ယင်းပြဿနာနှင့် ပတ်သက်သည့် ရုရှားနိုင်ငံ၏ ရပ်တည်ချက်မှာ အများသိဖြစ်နေပြီး ဆက်လက်ခိုင်မာနေကြောင်း၊ ယင်းပြဿနာအပေါ် နိုင်ငံရေးအရ ဖြေရှင်းကြရန် မိမိတို့ တိုက်တွန်းနှိုးဆော်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်၏ ပြဿနာအပေါ် ရုရှား၊ တရုတ်၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့မှ အဆင့်မြင့်သံတမန်များ မော်စကိုမြို့တွင် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ယူရေနီယံသန့်စင်ရေးလုပ်ငန်းများ အပြည့်အဝဆက်လက်လုပ်ဆောင်မည်ဟု အီရန်သမ္မတ မကြာမီက ပြောကြားခဲ့မှုနှင့်စပ်လျဉ်း၍ ရုရှားအစိုးရက စိုးရိမ်မကင်း ဖြစ်နေသည်ဟု ကာမီနန်က ထပ်လောင်း ပြောကြားသည်။

အီရန်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် ဦးတည်ချက်သည်များယွင်းနေပြီး နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ သဘောထားကို ဆန့်ကျင်နေကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ကြေညာချက်ကို အာခံနေသည်ဟု ၎င်းက ပြောကြားသည်။

အီရန်က ယင်းပြဿနာအပေါ် အိုင်အေအီးအေ၏ ညွှန်ကြားချက်အတိုင်း ဖော်ဆောင်သင့်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သက်တမ်းနှစ် ၁၀၀၀ ခန့်ရှိ ပစ္စည်းနှစ်မျိုး မွန်ဂိုလီးယားပြတိုက်တွင် ပြသထား

ဟိုဟော့ ဧပြီ ၁၉

နှစ်သက်တမ်း တစ်ထောင်နီးပါးရှိ အမျိုးသမီး အင်္ကျီအစများနှင့် ဇာပန်းထိုးထားသည့် ဖိနပ်တစ်ရန်တွေ့ရှိထားကြောင်း တရုတ်နိုင်ငံမြောက်ပိုင်း အထူးအုပ်ချုပ်ခွင့်ဒေသဖြစ်သည့်အတွင်း မွန်ဂိုလီးယားဒေသမှ ပြတိုက်က ထုတ်ဖော်ကြေညာသည်။

အဆိုပါ ရှေးဟောင်း ပစ္စည်းများသည် လိုင်ရာအိုမင်းဆက် လက်ထက်က ဂုဏ်သရေရှိ အမျိုးသမီးကြီးများ ဝတ်ဆင်ခဲ့သည့် ပစ္စည်းများဟု ယူဆရပြီး ယင်းပစ္စည်း တွေ့ရှိမှုကြောင့် ယင်းခေတ်ကာလ၏ ဝတ်စားဆင်ယင်မှုနှင့် ဇာထိုးပန်းထိုးပညာကို သုတေသနပြုလုပ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်ဟု ချီဖန်မြို့ပြတိုက် အကြီးအကဲဖြစ်သူ တီယန်ယွန်ဂျူအိုက ပြောကြားသည်။

ယင်းပစ္စည်းများကို ကျင်ဟူမြို့ရှိ လိုင်ရာအိုမင်းဆက်မှ ဂူသင်္ချိုင်းတစ်ခုတွင် ၂၀၀၄ ခုနှစ် ဧပြီလဆန်းက တွေ့ရှိခဲ့ပြီး ပြတိုက်တွင် သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

တွေ့ရှိထားသည့် ပစ္စည်းများကို လေ့လာကြည့်ပါက အမျိုးသမီးအင်္ကျီ၌ ဂွမ်းဖြင့်ခံထားပြီး ရွှေကြိုး၊ ငွေကြိုးများ တပ်ဆင်ကာ ဇာထိုးပန်းထိုး ပြုလုပ်ထားကြောင်း၊ ယင်းပစ္စည်းကို ခေတ်ဆန်သည့် အမျိုးသမီးများ ဝတ်ဆင်ခဲ့ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့ကစားကွင်းတစ်ခုအတွင်း ပျော်ရွှင်စွာကစားနေကြသည့်ကလေးများကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်နိုင်ငံကိန်းရုပ်ရှင်ပွဲတော် ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်မည့် တရုတ်ရုပ်ရှင်မင်းသမီး ကျန်ကျိုယီအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရိုးပွရောဂါကုဆေးဖြင့် ရင်သားကင်ဆာကို တားဆီးနိုင်

ဝါရှင်တန် ဧပြီ ၁၉

အရိုးပွရောဂါကို ကုသရာ၌ သုံးစွဲသောဆေးသည် အမျိုးသမီးများ၏ ရင်သားကင်ဆာကို တားဆီးရာ၌ ထိရောက်သည်ကို လေ့လာတွေ့ရှိရ ကြောင်း တနင်္လာနေ့က ကြေညာသော ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမျိုးသမီး ၂၀၀၀၀ ခန့်ကို လေ့လာစမ်းသပ်ပြီးနောက်တွင်မှ အထက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လတ်တလောအခြေအနေတွင် တာမိုဆီဖင် (Tamoxifen)ဆေးကို ရင်သားကင်ဆာကုသရာ၌ အသုံးပြုသည်။ ယခုကြေညာသော အရိုးပွရောဂါကုဆေးသည်လည်း တာမိုဆီဖင်ဆေးကဲ့သို့ပင် အာနိသင်ရှိသည်ဟု ဆိုသည်။

သိပ္ပံပညာရှင်များသည် လေ့လာစူးစမ်းမှုကို လေးနှစ်ကြာအချိန်ယူ၍ ပြုလုပ်ခဲ့ကြပြီးနောက် ရာလိုဆီဖင် (Raloxifene)ဆေးနှင့် တာမိုဆီဖင်ဆေး နှစ်မျိုးစလုံးသည် ရင်သားကင်ဆာဖြစ်ပွားမည့် အလားအလာကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ ထိုလေ့လာမှုကို တာမိုဆီဖင်နှင့် ရာလိုဆီဖင်ဆေးဝါး လေ့လာရေးအဖွဲ့ (အက်စ်တီအေအာရ်)မှ သုတေသီများက ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ***အင်တာနက်။***

ဗီယက်နမ်တွင် ခွာနာလျှာနာဖြစ်ပွား

ဟနွိုင်း ဧပြီ ၁၉

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကုန်းမြင့်ဒေသ လမ်ဒေါင်းပြည်နယ်ရှိ ဝက်နှင့်နွားကောင်ရေ ၂၅၅၀ နီးပါးမှာ မကြာသေးမီရက်များအတွင်းက ခွာနာလျှာနာရောဂါကူးစက်ခံရကြောင်း ပိုင်အိုးနီးယားသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ယင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့ ၁၂ ခုအနက် ခုနစ်ခုတွင် ဝက်နှင့်နွားများရောဂါကူးစက်ခံရသည်။ရောဂါကူးစက်ခံရသည့် တိရစ္ဆာန်များအနက် အများစုမှာ ဒတ်ထရန်ခရိုင်မှဖြစ်သည်။ ယင်းခရိုင်၌ တနင်္လာနေ့အထိ ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်ကောင်ရေမှာ ၂၂၅၀ ရှိပြီးယင်းတို့အနက် ၈၀၀ ကျော်သေဆုံးခဲ့သည်။လမ်ဒေါင်းပြည်နယ်ဒေသတွင်း၌ ခွာနာ လျှာနာရောဂါဖြစ်ပွားကြောင်း၊ ကြေညာရဖွယ်ရှိကြောင်းပြည်နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဖန်ဗန်အန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကာလီဖိုးနီးယား၌ တုပ်ကွေးရောဂါ ဖြစ်ပွားလာပါက ကာကွယ်ကုသရေးအသင့်ပြင်ဆင်ထားမှုမရှိဟု သတင်းစာ၌ဖော်ပြ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၉

တုပ်ကွေးရောဂါဖြစ်ပွားလာခဲ့ပါက အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ပြည်နယ်မှ ပြည်သူများအား ကုသပေးရန်အတွက် စွမ်းအားမရှိဖြစ်နေသည်ဟု ယင်းပြည်နယ်မှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားကြောင်း တနင်္လာနေ့က ရရှိသည့် သတင်းများအရ သိရှိရသည်။

ရေးသား

တုပ်ကွေးရောဂါ ဖြစ်ပွားလာခဲ့ပါက ဆေးရုံများတွင် လူနာခုတင်များ ထပ်မံဖြည့်ဆည်းပေးမှု၊ ကျန်းမာရေးဝန်ထမ်းများ ပိုမိုတာဝန်ချထားမှုနှင့် လိုအပ်သည့် ပစ္စည်းကိရိယာများ ပံ့ပိုးပေးမှုစသည့် လုပ်ငန်းဆောင်တာများကို မည်သို့မည်ပုံ လုပ်ဆောင်မည်ကို တာဝန်ရှိ ပုဂ္ဂိုလ်များက စတင်ဆောင်ရွက်နေပြီဖြစ်သည်ဟု လော့စ်အိန်ဂျလိစ် သတင်းစာက ရေးသားသည်။

ယင်းရောဂါ ကျရောက်မှုကြောင့် နာမကျန်းဖြစ်နေသည့် လူနာများအတွက် အောက်ဆီဂျင်များ အသင့်ပြင်ဆင်ထားမှု မရှိကြောင်း သတင်းစာက ရေးသားသည်။

ယင်းတုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်ရန် မည်သူမျှပြင်ဆင်ထားခြင်းမရှိဟု ကာလီဖိုးနီးယား ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည့် ဒေါက်တာဟိုးဝပ်ဘက်ကာက သတင်းစာသို့ ပြောကြားသည်။

တုပ်ကွေးရောဂါသည် ၁၉၁၈၊ ၁၉၅၇ နှင့် ၁၉၆၈ ခုနှစ်က ကျရောက်ခဲ့ပြီး နောက်ထပ်လည်း အချိန်မရွေး ကျရောက်လာနိုင်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကာဂျီစတန်နိုင်ငံတွင် အမဲလိုက်လင်းယုန်က တောခွေးတစ်ကောင်ကို ဖမ်းဆီးထားသည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထီးလှိုင်ရှင် ဇီဝိတ ပရဟိတ စုပေါင်း အလှူမင်္ဂလာမဏ္ဍပ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၆)ရပ်ကွက်၏ ထီးလှိုင်ရှင် ဇီဝိတပရဟိတ စုပေါင်း အလှူတော် မင်္ဂလာမဏ္ဍပ် ဖွင့်ပွဲကို ဧပြီ ၁၃ရက်တွင် ကျင်းပရာ နာယကကြီးများ ဖြစ်ကြသော မင်္ဂလာဗျူဟာအဖွဲ့ချုပ်မှ စာရေးဆရာ အယ်ဒီတာချုပ် ဦးဝင်းမောင် (မင်းယုဝေ)၊ တိုင်းရင်းဆေးသမားတော် ဦးစောထွန်း၊ ဦးဇေယျာအောင်၊ အကျိုးတော်ဆောင် ဦးစောသန်းအောင် (AWC)၊ ဦးသူရကျော်နှင့် တာဝန်ရှိသူများ၊ ထီးလှိုင်ရှင်(မင်းကျန်စစ်) အဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌ ဦးချစ်မြနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးဌေးအောင်ကျော်တို့က ဖဲကြိုးဖြတ်၍ အလှူတော်မင်္ဂလာမဏ္ဍပ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စေတနာရှင်များနှင့် အကျိုးတော်ဆောင်များက ၄က်မျိုးစုံ ကောင်ရေ ၃၀၀ကျော်နှင့် ငါးများကို ဘေးမဲ့လွှတ်ကြပြီး ထမင်းထုပ် ၃၀၀၀ ကျော်ကို စတုဒိသာအဖြစ် လှူဒါန်းကြသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ထီးလှိုင်ရှင် ဇီဝိတပရဟိတ စုပေါင်း အလှူတော် မင်္ဂလာမဏ္ဍပ်ဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်မြနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရွှေစည်းခုံစေတီတော်မြတ်ကြီး အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်

ရန်ကုန် ဧပြီ ၂၀

သက္ကရာဇ် ၄၂၁ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ညောင်ဦးမြို့ သမိုင်းဝင် အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်များ စဉ်ဆက်မပြတ် ကပ်လှူပူဇော်လျက်ရှိရာ ယခုအခါတွင် ရွှေသင်္ကန်းတော်များမှာ မေးမှိန်နေပြီဖြစ်သည့်အတွက် ငွေကျပ် သိန်း ၁၆၅၀ကျော် အကုန်အကျခံကာ ပြန်လည်ကပ်လှူမည်ဖြစ်၍ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ နှစ်လက်မပတ်လည် မျက်ပါးရွှေ တစ်ဆိုင်းလျှင် ငွေကျပ် ၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး ငွေကျပ် ၅၀၀၀၊ တစ်ပေပတ်လည် ရွှေချပြီး ငွေကျပ် ၇၀၀၀၊ ကြာသွတ်အိုးတစ်လုံး ရွှေချပြီး ငွေကျပ် ၂၅၀၀၀၀ဖြင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း ဝ၆၁–၆၀၂၆၁၊ ညောင်ဦးမြို့ ရွှေစည်းခုံဂေါပကအဖွဲ့ ဖုန်း ဝ၆၁–၆၀၈၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မတ်လအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၇၈မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂၀

၂၀၀၆ခုနှစ် မတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၈မှု ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းသို့ ဖမ်းဆီးခဲ့ရာတွင် ဘိန်း၄၄မှု အလေးချိန် ၁၅၅ဒသမ ၃၈၂၈ ကီလို၊ ဘိန်းဖြူ ၉၉ မှု အလေးချိန် ၅၉ ဒသမ ၅၄၅၁ ကီလို၊ ဘိန်းဆီ ၁၄ မှု အလေးချိန် ၁ ဒသမ ၅၃၄၈ ကီလို၊ အဆင့်နိမ့် ဘိန်း ၁၉မှု အလေးချိန် ၄ ဒသမ ၃၂၇၉ ကီလို၊ ဆေးခြောက် ၁၂ မှု အလေးချိန် ၄ ဒသမ ၅၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈မှု ဆေးပြား ၁၅၃၂၂၂၈ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် တစ်မှု အလေးချိန် ဒသမ ဝဝ၅၁ ကီလို၊ ဘိန်းစာမှုန့် ကိုးမှု အလေးချိန် ၈ဒသမ ၁၈၈ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ဒသမ ဝ၇၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်) အလေးချိန် ဒသမ ဝဝဝ၂ ကီလို၊ မှတ်ပုံတင်ပျက် ၂၄မှု၊ အခြားအမှုရှစ်မှု ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး အမှုပေါင်း ၂၇၈မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၃၄၀၊ တရားခံ အမျိုးသမီး ၁၀၁ဦး၊ စုစုပေါင်းတရားခံ ၄၄၁ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည့်အစီအစဉ် ကြေညာ

ရန်ကုန် ဧပြီ ၂၀

၂၀၀၆ ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ် ပိုစတာပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ရက် နံနက် ၉နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁နာရီတို့တွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမ၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက် နံနက်၉နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်ီလာခန်းမ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက်၊ အသက်(၁၀)နှစ်မှ (၁၅)နှစ်အောက်၊ အသက်(၁၅)နှစ်မှ (၂၀)နှစ်အောက်နှင့် အသက်(၂၀)နှစ်အထက် ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။

ကျင်းပသွားမည်

ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး အလယ်တန်း(၅၊ ၆၊ ၇)နှင့် အထက်တန်း (၈၊ ၉၊ ၁၀)ဟူ၍ ခွဲခြား ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁ရက်မှ ၇ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်း စုပေါင်းရုံး(မြေညီထပ်)ရှိ တကယ့်ဖြစ်ရပ် မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ထုတ်ယူနိုင်ပြီး မေ ၈ရက်မှ ၁၄ရက် အတွင်း အချိန်မီ လူကိုယ်တိုင် ပြန်လည်ပေးပို့ကြရန်ဖြစ်သည်။

လျှောက်လွှာ တင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်သူများ ကြိုတင်လေ့လာနိုင်ရန် မေ ၂၁ရက် နံနက်၈နာရီတွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်သတင်းပို့ကြရန် ဖြစ်သည်။ (သတင်းစဉ်)

ထူးထူးခြားခြား အင်တာနက်သတင်း

ထိုင်းနိုင်ငံအလယ်ပိုင်းရှိ မွေးမြူရေးကန်မှ မိကျောင်းများလွတ်သွား၍ ပြန်လည်ဖမ်းဆီးနေ

ဗန်ကောက် ဧပြီ ၂၀

ထိုင်းနိုင်ငံအလယ်ပိုင်း လော့ဗ်ဘူရီပြည်နယ် ပတနာနီကွမ်ခရိုင်ရှိ မွေးမြူရေးကန်တစ်ခုမှ မိကျောင်းကောင်ရေ ဒါဇင်အနည်းငယ်ခန့် အနီးရှိ မြစ်အတွင်းသို့ လွတ်ထွက်သွားသဖြင့် ပတ်ဝန်းကျင်ရှိ တံငါများနှင့် ရွာသူရွာသားများမှာ မြစ်အတွင်း ရေဆင်းမချိုးရဲဘဲဖြစ်နေကြရသည်။

ယခုအခါ မိကျောင်းများကို ပြန်လည်ဖမ်းဆီးနိုင်ရေးအတွက် ဒေသဆိုင်ရာ ရေလုပ်ငန်းဌာနမှ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းကျေးရွာသားများ ပူးပေါင်း၍ ကြိုးစားလျက်ရှိကြသည်။ ဧပြီ ၁၄ရက်က မြစ်အတွင်းသို့ ဆင်းသွားသော တံငါသည်တစ်ဦး၏ လက်ချောင်းကို မိကျောင်းအကိုက်ခံခဲ့ရပြီးသည့်နောက်ပိုင်း ထိုသတင်းကို လူအများသိရှိသွားခြင်းဖြစ်သည်။

မြစ်ရေနည်းပါးနေသောအချိန်တွင် လွတ်သွားသည့် မိကျောင်းအားလုံး ပြန်လည်ရမိနိုင်ရေးအတွက် အပူတပြင်းလုံးပန်းလျက်ရှိသည်။ အခင်းဖြစ်ပွားရာ နေရာဝန်းကျင်ရှိ ဒေသခံများက မိကျောင်းမွေးကန်များကို ပိုမိုတင်းကျပ်သော စည်းကမ်းများသတ်မှတ်ပေးပြီး တင်းတင်းကျပ်ကျပ် ကိုင်တွယ်သွားရန် တောင်းဆိုကြသည်။ မိကျောင်းမွေးမြူရေးကန်များအနက် အချို့မှာ တရားမဝင် မွေးမြူကြသော မွေးမြူရေးကန်များဖြစ်သည်ဟုဆိုသည်။

ဧပြီ ၁၉ရက်တွင် လွတ်သွားသော မိကျောင်း ၁၂ကောင်ခန့်ကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း ဒေသခံ ငါးလုပ်ငန်းဌာနမှအရာရှိ စွမ်ပုန်ချောင်ချတ်လောင်က ပြောကြားသည်။ မိကျောင်းအများစုမှာ သုံးမီတာခန့်အရှည်ရှိပြီး ပေါင် ၂၀ မျှ အလေးချိန်စီးကြောင်း သိရသည်။

ကျန်ရှိနေသေးသော မိကျောင်းများ ဒေသဝန်းကျင်ရှိ ဆည်များနှင့် အခြားမြစ်ချောင်းများဆီသို့ရောက်မသွားမီ ပြန်လည်ဖမ်းဆီးနိုင်ရေးအတွက် မိမိတို့ ကြိုးစားနေကြသည်ဟု ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။

အင်တာနက်

ပြန်လည်ဖမ်းဆီးရမိသော မိကျောင်းတစ်ကောင်ကို ဒေသခံများက ဝိုင်းအုံကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Throat Tablets	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၂။	Chloramphenicol 250mg Capsules	Exported by Shang-hai Medicincs & Health Products	China
၃။	Aerosolum 14 g Aerosol (Salbutamol 28 mg)	Hong Kong Medicines & Health Products	China
၄။	Oxypad Tablet (Diclofenac Sodium IP 50 mg, Paracetamol IP 500 mg, Magnesium Trisilicate IP 100 mg)	Supermax Laboratories	India
၅။	Nifedipine Tablet 10 mg	Linfen Pharmaceutical Factory Shanxi	China China

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် (၃၇)လမ်း ထောင့်နေ ဦးမောင်ဘအားရည်စူး၍ ဒေါ်ရှီလာ(ကျုံမငေး) သားသမီး မြေးတစ်စုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ ငွေ ၁၁၁၁၁၁ ကျပ် လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များ၊ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးမှ သံအမတ် ကြီးနှင့် အာဆီယံနိုင်ငံသံအမတ်ကြီးများ၏ ဇနီးများက အလှူငွေကျပ် ၁၀သိန်းကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိဆေးရုံ ဆေးရုံအုပ်ကြီးထံ လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း မျက်စိဆေးရုံကြီးနှင့် ဝေဘာဂီကူးစက်ရောဂါဆေးရုံများသို့ အလှူငွေများ လှူဒါန်း

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိဆေးရုံကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံများသို့ အလှူငွေကျပ် ၁၀သိန်းစီကို ဆေးရုံအုပ်ကြီးများထံသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းကြသည်။

လှူဒါန်းရာသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်နီလာသော်၊ နာယကအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသော ဒေါ်လှဲ့လှဲ့ကြည်နှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးမှ အမျိုးသမီးသံအမတ်ကြီးနှင့် အာဆီယံနိုင်ငံ သံအမတ်ကြီးများ၏ ဇနီးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်နှင့် တာဝန်ရှိသူများ၊ မျက်စိဆေးရုံကြီးနှင့် ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဂုဏ်ထူးဆောင် အဖွဲ့ဝင်များ၊ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် အာဆီယံနိုင်ငံ သံအမတ်ကြီးများ၏ ဇနီးများက အလှူငွေကျပ် ၁၀သိန်းကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီကူးစက်ရောဂါအထူးကုဆေးရုံ အုပ်ကြီးထံ လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်အလီ အား ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊အလီသည် ၁၉၆၁ ခုနှစ်တွင် ဆော်ဒီအာရေဗျ နိုင်ငံ အမ်လာဂျ်ပြည် တဘူခ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၆ ခုနှစ်တွင် ဂျီဒတ်မြို့ ဘုရင် အဗ္ဗဒူ အဇစ် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆော်ဒီအာရေဗျသံရုံးတွင်တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် နိုင်ငံသားရေးရာ ဦးစီးဌာန၌ အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာကီ၊ဘင်၊ နာဂျီ၊အဗ္ဗဒူ၊ ကာဒါ၊အယ်လ်၊အလီသည်အိမ်ထောင်သည် တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၀

နေပြည်တော်မြို့တော် ပျဉ်းမနားခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ၁၇ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၉နာရီတွင် ပျဉ်းမနားမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ထူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီ၊ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် အလုပ်အမှု ဆောင်များ၊ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်များ၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထူးနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီတို့က အမှာစကား ပြောကြားကြပြီး ပျဉ်းမနားခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းရုံးအတွက် လှူဒါန်းငွေကျပ် ၆၅၅၀၀၀ကို အလှူရှင် စေတနာရှင် ၁၃ဦးတို့က ပေးအပ်လှူဒါန်းကြရာ ပျဉ်းမနားတပ်နယ်မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံကြ၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ယင်းနောက် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဆိုင်းဘုတ်ကို ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို ဧပြီ ၃၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများအပြင် စိတ်ပါဝင်စားသူတိုင်း (အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ) မပျက်မကွက်တက်ရောက်ကြရန်နှင့် ပညာရည်ချွန်ဆုချီးမြှင့်လိုသူ စေတနာရှင်များသည် ဦးသန်းအောင် ဖုန်း-၂၉၀၉၁၅နှင့် ဦးလှမော် ဖုန်း-၂၀၀၈၂၆တို့ထံ ဆက်သွယ်နိုင်ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ၂၃ဦး၊ ဂုဏ်ထူးပေါင်း ၇၅ခု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဧပြီ၄ရက်က မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်ပုရပ်နေ ဒေါ်ခင်မြိုင်မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင် လက်ခံရယူစဉ်။ (၂၅၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇:၀၅	စိတ်ဝင်စားစရာ ပုလဲရတနာ(အပိုင်း-၁)
၇:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇:၃၀	သစ်ဆိမ့်ဖူးစာ (သျှားညို၊ခိုင်နှင်းဝေ)
၇:၄၅	ပိုက်ဆက်အတတ်ပညာ (အပိုင်း-၂)
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	Myanmar Video Rhythm
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	သုတစွယ်စုံစာပေဆု
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါး
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	သွားအကြောင်းသိကောင်းစရာ (အပိုင်း-၁)
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	လှပရှုမငြီးပန်းအလှဆင်နည်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	အရုပ်ချစ်သူများသို့
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	Music Talk (ရွှာစားစိန်လှငွေ၊သားစိုး၊ ဒီဂျေဂျေး၊ သတိုး)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အကြမ်းဖက် အဖျက်သမားများ၏ လုပ်ရပ်ကြောင့် ရန်ကုန်မြို့၌ ပေါက်ကွဲမှုအချို့ဖြစ်ပွား၊ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များသာ ပျက်စီးခဲ့

ရန်ကုန် ဧပြီ ၂၀

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာမှု ပျက်ပြားစေရန်၊ ပြည်သူများ ထိခိုက်ဆုံးရှုံးစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ဧပြီ ၂၀ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၌ လေးနေရာနှင့် ဒဂုံမြို့နယ်၌ တစ်နေရာတို့တွင်လည်းကောင်း၊ လမ်းမတော်မြို့နယ်တွင် စည်ပင်သာယာဝန်ထမ်း အမှိုက်သိမ်းဆည်းစဉ်၌ လည်းကောင်း ပေါက်ကွဲမှု အသေးစားများ ဖြစ်ပွားခဲ့သည်။

ယင်းပေါက်ကွဲမှုများကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အဆောက်အအုံအချို့၏ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များသာ အနည်းငယ်ပျက်စီးသွားခဲ့သည်။

အဆိုပါ ဖောက်ခွဲဖျက်ဆီးသူ အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ရခိုင်ပြည်နယ်တစ်ခုလုံး၏ ရော်ဘာစိုက်ဧက တစ်သိန်းနှင့် ကြက်ဆူစိုက်ဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေးလုပ်ငန်းများတွင် သံတွဲခရိုင်က ပါဝင်စိုက်ပျိုးသွားမည့် အခြေအနေများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရော်ဘာစိုက်ပျိုးမှုအခြေအနေများ၊ ခရိုင်အတွင်းရှိပြည်သူများ၏ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖန်တီးပေးထားသော အခြေခံလမ်းမကြီးများကို အသုံးပြု၍ ပြည်နယ်ဖွံ့ဖြိုးရေးကို ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရသေ့တောင်၊ ပေါက်တောနှင့် မြေပုံမြို့နယ်များ၏ လမ်းပန်းဆက်သွယ်မှုအခြေအနေနှင့် ပြည်နယ်အတွင်း ရော်ဘာဧက တစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်း၌ လုပ်ငန်းရှင်များ ပါဝင်ပူးပေါင်းရန် လိုအပ်ပုံများ၊ ယခုအထိ ရော်ဘာ ဧက ၈၂၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ရာ နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည့် အစီအမံများ၊ ကြက်ဆူတိုးချဲ့စိုက်ပျိုးရေး စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများကိုယ်စား ရေလုပ်ငန်းရှင် ဦးခင်စိုး၊ ဟိုတယ်လုပ်ငန်းရှင် ဒေါက်တာ အောင်မြကျော်နှင့် ကုန်သည် ဦးထွန်းသန့်ကျော်တို့က နိုင်ငံတော်၏ အားပေးမှုများကြောင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဆက်လက် ညှိနှိုင်းဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ပပို့ကုန်...
နိုင်ငံတော်အစိုးရ...

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး...
ရော်ဘာစိုက်ပျိုးရေးတွင် ဝန်ကြီးဌာန...
ကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များ၊...
ဖြစ်သော်လည်း အထွက်နှုန်း ပိုမိုကေ...
နှင့် စိုက်နည်းစနစ်များ ပြောင်းလဲ...
ဆွေးနွေးသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီး...
စက်သုံးဆီ ဝယ်ယူရမှု အဆင်ပြေ...
အခြေအနေများကို ရှင်းလင်းဆွေးနွေး...

ထို့နောက် သစ်တောရေးရာဝန်...
က ပြည်နယ်အတွင်းရှိ ဒီရေတောများ...
ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသ...

ရော်ဘာစို...

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူး...
ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်...
ထားမှုများ၊ ရခိုင်ပြည်နယ်အတွင်း...
ဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်...
ရှင်းလင်းဆွေးနွေးပြီး ဟိုတယ်လုပ်ငန်...
ရော်ဘာဧက ၄၅၄၀ စိုက်ပျိုးရန် လျာ...
ဖြစ်ထွန်းရေးအတွက် ဖိဖိစီးစီး ပူးပေ...
မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလု...
မောင်မောင်သိမ်းက ရေငန်ပုစွန် အ...
ဆွေးနွေးသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပ...
လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုး...
အပိုင်းက ဖြည့်ဆည်းဆောင်ရွက်လျက်...
ဆွေးနွေးသည်။

အမှာစကား...

ထို့နောက် နိုင်ငံတော် အေးချမ်း...
ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစက...
ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေ...
ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အကြီးအ...
ရခိုင်ပြည်နယ်သို့ ရောက်ရှိလာခြင်းဖြ...

မိမိတို့ တစ်...
ချင်းအတွက်လ...
နိုင်ငံတော် ...
အကျိုးဖြစ်ထွ...
ရေးလုပ်ငန်းမျာ...
တကျ လုပ်ကိုင်...

ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရန်၊ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိရန် ကြိုးပမ်း နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အားပေးကူညီမည်

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရခိုင်ပြည်နယ်၌ ဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးရေးတွင် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားမည့်ကိစ္စများ၊ ကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များ၊ ခရိုင်အတွင်း ဒေသဆန်ဖူလုံမှုရှိပြီး ဖြစ်သော်လည်း အထွက်နှုန်း ပိုမိုကောင်းမွန်ရေးအတွက် မျိုး၊ နည်းပညာနှင့် စိုက်နည်းစနစ်များ ပြောင်းလဲသွားရန် လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်သုံးဆီ ဝယ်ယူရမှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြည်နယ်အတွင်းရှိ ဒီရေတောများ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အိပ်မက်အဖြစ်ပင် ဒေသခံများ စဉ်းစားခဲ့ခြင်းမရှိသည့် ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးကိုလည်း နိုင်ငံတော်အကြီးအကဲ၏စေတနာ၊ အမြော်အမြင်ကြီးမှုတို့ကြောင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်၏ စီးပွားရေးမှာလည်း အတိုင်းအတာတစ်ရပ်အထိ တိုးတက်အောင်မြင်လာခြင်းကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုသာမက နိုင်ငံ့ဝန်ထမ်းများ၏လစာကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

စေတနာနှင့်ပေါင်းစပ်ဆောင်ရွက်

ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရအပေါ် သစ္စာရှိရှိဖြင့် မိမိတို့၏ ဌာနတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရ

ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်အောင်၊ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိအောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ ပြည်ပမှ ပစ္စည်းများအပေါ် မှီခိုအားထားနေရမှုမှ လျှော့နည်းကျဆင်းပြီး မိမိ၏ ကိုယ်ပိုင်ထုတ်လုပ်နိုင်အားအပေါ် ရပ်တည်နိုင်အောင် သွင်းကုန်အစားထိုးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ကြောင်း။

အားပေးကူညီသွားမည်

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အားပေးကူညီစောင့်ရှောက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းကရော၊ပုဂ္ဂလိကအပိုင်းကပါ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်များတိုးချဲ့တင်ပို့ရေး၊ သွင်းကုန်များအစားထိုးနိုင်ရေး၊ အလေအလွင့်၊ အဆုံးအရှုံး လျှော့နည်းရေး၊ ခြိုးခြံချွေတာရေးတို့ကို ဟန်ချက်ညီညီ အကောင်

ရော်ဘာစိုက်ပျိုးရေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများ၊ ရခိုင်ပြည်နယ်အတွင်း အဆင့်မြင့် ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဟိုတယ်လုပ်ငန်းရှင်များအပိုင်းကလည်း သံတွဲဒေသ၌ ရော်ဘာဧက ၄၅၄၀ စိုက်ပျိုးရန် လျာထားပြီးဖြစ်၍ ရည်မှန်းချက်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖိဖိစီးစီး ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေငန်ပုစွန် အထွက်တိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲဦးစီးခေါင်းဆောင်သည့် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး သံတွဲခိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သံတွဲခရိုင်နှင့် သံတွဲမြို့နယ်အသင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအားတွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မည်ဖြစ်ကြောင်း၊ မိမိရောက်ရှိရာဒေသကို မိမိဒေသကဲ့သို့ သဘောထား၍ ဒေသဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းများကို ဝိုင်းဝန်းဆောင်ရွက်ရန်၊ ပြည်သူကို အလုပ်အကျွေးပြုရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မှုများရရှိမှာ သေချာကြောင်း။

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရန်လိုအပ်ကြောင်း။

ဝိုင်းဝန်းပါဝင်

ကုန်ထုတ်လုပ်မှုတိုးတက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အရင်းအနှီးရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ၌ရော ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ပါ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းပါဝင်ရန် လိုအပ်ကြောင်း။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ မိမိတို့တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက်လည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စည်းကမ်းတကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးစေမှာ ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့တက် ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

တွေ့ဆုံမှာကြား

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၁၆ ရက် မွန်းလွဲပိုင်းတွင် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သံတွဲခရိုင်နှင့် သံတွဲမြို့နယ်အသင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ မှာကြားကြသည်။

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ်ရှိ ညောင်ပင်ကွင်း ဆီအုန်းခြံနှင့် ငပလီ ရော်ဘာခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

မိမိတို့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက်လည်း အကျိုးရှိ၊ နိုင်ငံတော် အတွက်လည်း အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စည်းကမ်းတကျ လုပ်ကိုင်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သံတွဲမြို့နယ်ရှိ ညောင်ပင်ကွင်း ဆီအုန်းခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁–၄–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ တံငါတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၅။ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၀ ၆။ အတီးပြိုင်ပွဲ
၅:၁၅ ၇။ **"အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅:၂၀ ၈။ မြန်မာစာ၊မြန်မာစကား
၅:၃၀ ၉။ မြို့ပြနှင့်ကျေးလက် ခေတ်မီ ဖွံ့ဖြိုးတိုးတက် (ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး)
၅:၄၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၅:၅၀ ၁၁။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၃၅ ၁၄။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၅ ၁၅။ မြန်မာမှုပန်းဆယ်မျိုး(ပန်းရန်)
၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖန်ပန်းလှလှ" (အပိုင်း–၂)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း–၂၄)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အန္တရာယ်ကင်းရှင်းစွာစားသုံးရေး သတိပေးနှိုးဆော်

ရန်ကုန် ဧပြီ ၂၀

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပြီး လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်း ကြက်၊ဘဲများတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဧပြီ ၁၆ ရက်စွဲဖြင့် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရေးနှင့် အန္တရာယ်ကင်းရှင်းစွာစားသုံးရေး သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသတင်း

(က) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်မှ စတင်၍ ကျရောက်ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြို့နယ် ၁၃မြို့နယ်အထိ ရောဂါကူးစက်ပျံ့နှံ့ခဲ့ပါသည်။

(ခ) ရောဂါထိန်းချုပ်နိုင်မှု။ ယခုအခါ အဆိုပါမြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပြီး အချို့မြို့နယ်များတွင် အမြင့်ဆုံး ရက် ၂၀ နှင့် အနိမ့်ဆုံး ခုနစ်ရက်ရှိပြီး ဖြစ်ပါသည်။ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ ဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှုပုံမှန်ဖြစ်ရေး

(က) ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသောပြည်နယ်/တိုင်းများ

(၁) ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတင်ပို့သောပြည်နယ်/တိုင်းများ။ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသော ပြည်နယ်/တိုင်းများအနေဖြင့် တင်ပို့သည့် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများနှင့် ပတ်သက်၍ ရောဂါကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်အပေါ် အခြေခံ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပါဝင်သော ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအတွင်း ဖွဲ့စည်းထားရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအဖွဲ့တို့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြခွင့်ပြုချက်များ ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတင်သွင်းသော ပြည်နယ်/တိုင်းများ။ ကုန်ပစ္စည်းများ လက်ခံမည့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအနေဖြင့် သက်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်စည်တင်ပို့သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်ဦးစီးမှူးများသို့လည်း ပြန်လည်ညှိနှိုင်းသွားမည်ဖြစ်ပါသည်။

(ခ) ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ထားရှိသောပြည်နယ်/တိုင်းများ

(၁) သယ်ပို့ရောင်းချမှု။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ရောဂါ ဖြစ်ပွားခဲ့သည့် ၁၃ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်သည့် ကာလ ၂၁ရက်အတွင်း ကြက်ခြံဟောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများပြုလုပ်ပြီး ရောဂါကင်းရှင်းမှု စိတ်ချရသည့် မြို့နယ်များအတွင်း သက်ဆိုင်သည့် ရောဂါထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ တင်ပြ၍ ကြက်၊ဘဲ၊ငုံးနှင့် ထွက်ကုန်ပစ္စည်းများ မြို့နယ်အတွင်း/မြို့နယ်ပြင်ပနှင့် ဈေး၊ စားသောက်ဆိုင်များ၌ ရောင်းချမှု၊ သယ်ပို့ပြောင်းရွှေ့မှုများကို ခွင့်ပြုသွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

(၂) ရောဂါဖြစ်ပြီးကြက်ခြံများပြန်လည်မွေးမြူမှု။ ရောဂါနောက်ဆုံးဖြစ်ပွားပြီး ၂၁ရက်အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်သေဆုံးမှုကို ထောက်လှမ်းခြင်း၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှု မရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ်နှစ်လအတွင်း လိုအပ်သည့် ဇီဝလုံခြုံရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကြက်အသစ်မသွင်းမီ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအာဏာပိုင်ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့ငယ်များဖြင့် အန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာများ ကြိုတင်ညှိနှိုင်းမှု၊ လေ့ကျင့်ပညာပေးဆွေးနွေးမှုပြုလုပ်ခြင်းများ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်။ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများအရ မွေးမြူထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူ၊ ဝယ်ယူရောင်းချသူ၊ ချက်ပြုတ်စားသောက်သူများအနေဖြင့် အောက်ဖော်ပြပါ တိရစ္ဆာန်ကျန်းမာရေး ပညာပေးဆောင်ရန်၊ရှောင်ရန်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) မွေးမြူထုတ်လုပ်သူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ကြက်ငှက်တုပ်ကွေးရောဂါသည် အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံအရ တစ်ကျော့ပြန်၊ နှစ်ကျော့ပြန် ဖြစ်တတ်သည့်ရောဂါတစ်ရပ်ဖြစ်သည်ကို တိရစ္ဆာန်ကျန်းမာရေးသတိရှိရန်။

(၂) ကြက်၊ဘဲ၊ငုံးခြံများ၏ ဇီဝလုံခြုံမှုတိုးမြှင့်ရန်အတွက် တောရိုင်းကြက်၊ငှက်၊ ကြောင်၊ စာကလေး စသောတိရစ္ဆာန်များမဝင်နိုင်စေရန် မွေးမြူရေးအဆောက်အအုံကို ပြန်လည်မွမ်းမံပြုပြင်ဖန်တီးရန်။

(၃) လူ၊ တိရစ္ဆာန်၊ ယာဉ်နှင့် လုပ်ငန်းအသုံးအဆောင်ပစ္စည်းများ အဝင်၊ အထွက်ကို ကန့်သတ်ရန်၊ ပိုးသတ်သန့်စင်ပြီးမှ အဝင်၊အထွက်ပြုလုပ်ရန်နှင့် လုပ်ငန်းဝတ်စုံ သီးခြားထားရှိရန်။

(၄)ရောဂါကင်း၍ သန့်ရှင်းလတ်ဆတ်သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေးကို အမြဲသတိပြုဆောင်ရွက်ရန်။

(၅) အဆောက်အအုံတစ်ခုအတွင်း မတူသည့် တိရစ္ဆာန်အမျိုးအစား ရောနှော၍ မမွေးမြူရန်။

(၆) မိမိမွေးမြူရေးခြံမှ ထုတ်လုပ်သောစားသုံးရန် ကြက်ဥ၊ဘဲဥ၊ငုံးဥများကို ကြက်ချေး၊ဘဲချေး ကင်းစင်စေပြီး ဖြစ်နိုင်လျှင် မှိုင်းတိုက်ပိုးသတ်သန့်စင်ပြီးမှ ဖြန့်ဖြူး ရောင်းချခြင်းကိုဆောင်ရွက်ရန်။ (မှိုင်းတိုက်ပိုးသတ်မှုနည်းပညာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှရယူရန်)

(၇) ကြက်နာ၊ကြက်သေများရောင်းချခြင်းမပြုလုပ်ရန်။

(၈) ထုပ်ပိုးသယ်ဆောင်ပစ္စည်းများအား ပိုးသတ်သန့်စင်ခြင်းကို စနစ်တကျ ဆောင်ရွက်ရန်။

(၉) မိမိမွေးမြူထုတ်လုပ်သော ကြက်၊ဘဲ၊ငုံးခြံများ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းကြောင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အစစ်ဆေးခံယူပြီး ကျန်းမာရေး ထောက်ခံချက်ရယူရန်။

(၁၀) မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် သေချာစွာ ဆေးကြောရန်၊ လုပ်ငန်းခွင်၌အသုံးပြုသည့် အဝတ်အစားများကို စနစ်တကျသန့်ရှင်း ထိန်းသိမ်းအသုံးပြုရန်။

(ခ) သယ်ယူပို့ဆောင်သူများတိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) သတ်မှတ်သည့်လုပ်ငန်းသုံးဝတ်စုံကို စနစ်တကျ အသုံးပြုရန်၊ သီးခြား ထိန်းသိမ်းရန်။

(၂) မွေးမြူထုတ်လုပ်ရေးခြံ၏ ဇီဝလုံခြုံမှုညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်။

(၃) ကြက်နာ၊ ကြက်သေများကို ကျန်းမာသောကြက်များနှင့်ရော၍လည်းကောင်း၊ မျိုးကွဲတိရစ္ဆာန် ကြက်၊ဘဲ၊ငုံး၊ ဝက်တို့ ရောနှော၍လည်းကောင်း သယ်ဆောင်ခြင်း မပြုရန်။

(၄) အသုံးပြုမည့်ယာဉ် သယ်ယူပို့ဆောင်ရေး အသုံးအဆောင်ပစ္စည်းများကို လုပ်ငန်းမဆောင်ရွက်မီ ပိုးသတ်သန့်စင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ ပိုးသတ်သန့်စင်ခြင်းပြုလုပ်ရန်။

(၅) တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ပါရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကိုသာ သယ်ဆောင်ရန်။

(၆) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို သန့်ရှင်းစင်ကြယ်စေရန် ဆပ်ပြာနှင့် ဆေးကြောရန်။

(ဂ) အရောင်းအဝယ်ပြုသူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ရောဂါအန္တရာယ်ကင်းသည့်ကျန်းမာသော ကြက်၊ဘဲ၊ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဝယ်ယူရောင်းချရန်။

(၂) ကုန်စည်ဒိုင်၊ကုန်လှောင်ရုံနှင့်အရောင်းဆိုင်များ၏ ဇီဝလုံခြုံမှုကို တိုးမြှင့်ပြုပြင် ဆောင်ရွက်ရန်။

(၃) အရောင်းဆိုင်၌ မျိုးမတူသည့်တိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ဟင်းသီး၊ ဟင်းရွက်များ ရောနှောအတူထားရှိ၍ရောင်းချခြင်းမပြုရန်။

(၄) လုပ်ငန်းခွင်ရောင်းဝယ်ရေးဝတ်စုံကို စနစ်တကျဝတ်ဆင် အသုံးပြုပြီး လုပ်ငန်းပြီးဆုံးက လဲလှယ်၍ စနစ်တကျသန့်ရှင်းသိမ်းဆည်းရန်။

(၅) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရန်။

(ဃ) ချက်ပြုတ်စားသောက်သူများတိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ကျန်းမာလတ်ဆတ်သော ကြက်၊ ဘဲ၊ ငုံး အသားများကိုသာ ဝယ်ယူချက်ပြုတ် စားသောက်ရန်၊ ကြက်နာ၊ ကြက်သေများကို ချက်ပြုတ်စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်။

(၂) ဟင်းချက်ရန်အတွက် ကြက်ကို ခုတ်ထစ် ပိုင်းဖြတ်သည့်အခါ လိုအပ်လျှင် လက်အိတ်စွပ်၍လည်းကောင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြော၍ လည်းကောင်းကိုင်တွယ်ပါ။ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း ဆပ်ပြာနှင့်ဆေးကြော သန့်စင်ရန်၊ လက်တွင်ထိခိုက်ရှနာ အနာရှိလျှင် ကိုင်တွယ်ခြင်းမပြုရန်။

(၃) ပွက်ပွက်ဆူအောင်ချက်ပြုတ်စားသောက်ရန်။ (၆၀ဒီဂရီဆဲလ်စီးယပ်တွင် မိနစ် ၃၀ ခန့်၊ ၁၀၀ဒီဂရီ ဆဲလ်စီးယပ်တွင် နှစ်မိနစ်ခန့် ချက်ပြုတ်လျှင် အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။)

(၄) အသားရောင်းဝယ်စားသုံးမှုတွင် ပြုပြင်ထုတ်လုပ်ပြီး အသားလုံးများကို ၈၀ဒီဂရီဆဲလ်စီးယပ် ရေနွေးပူတွင် မိနစ် ၂၀၊ အသားအုချောင်းများ ၆၅ဒီဂရီဆဲလ်စီးယပ်၌ မိနစ် ၃၀မီးခိုးမှိုင်းတိုက်၍ ၈၀ဒီဂရီဆဲလ်စီးယပ်ရေနွေးပူတွင် မိနစ် ၂၀ ထားရှိအအေးခံ၍ ရေခဲသေတ္တာတွင် သိုလှောင်ထားရှိသည့် အလေ့အကျင့်ကို သိရှိရန်နှင့် နည်းပညာကိုမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်းလွှဲပြောင်းရယူရန်။

(၅) ကြက်သား၊ ဘဲသား၊ ငုံးသားများကို ရေခဲသေတ္တာ၊ အအေးခံသေတ္တာတို့တွင် အခြားအသားသီးနှံများနှင့် ရော၍ မထားရန်၊ ရောနှောထိန်းသိမ်းရန်ဖြစ်လျှင် အသားများကို ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုးပြီး သိမ်းဆည်းရန်။

(၆) ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဆပ်ပြာရည်၊ ဆားရည်၊ ရှာလကာရည်စသည့် ရေဆွတ်ထားသည့် အဝတ်တို့ဖြင့် ပွတ်တိုက်သန့်ရှင်းပြီးမှ ရေခဲသေတ္တာ၊ ကြောင်အိမ် စသည်တို့တွင် သိမ်းဆည်းထားရန်။

(၇) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် ဆေးကြောသန့်ရှင်းရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး အတွက် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် အုတ်လမ်းနေ ဦးလှရွှေ-ဒေါ်ခင်ရီ၊ ဦးသန်းမောင်-ဒေါ်တင်ကြည်တို့အား ရည်စူး၍ သား၊သမီး၊ တူ၊တူမများနှင့် မြေးမောင်ပြည့်စုံ၊ မျိုးသီဟနိုင်တို့က ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနမှ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ အထူးကျွေးမွေး လှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းအတွက် အလှူငွေ ကျပ် ၃၁၈၅၀၀၀ ကို မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံသို့ ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့က လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မော်လမြိုင်မြို့ အထက်တန်းကျောင်း အထက(၁၀) ယခင်ရာမညနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းသားဟောင်းများ စုပေါင်း၍ ကျောင်းခန်းမဆောင်သစ် ဆောက်လုပ်ရေးအတွက် လှူဒါန်းသော ငွေကျပ် ခုနစ်သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးချစ်ဆွေက ဧပြီ ၁၇ရက်ကပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်လက်ခံရယူစဉ်။ (မြို့နယ်ပညာရေး)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့်စုပေါင်းကာခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဧပြီ၁၈ရက်က ကျောင်းလမ်းစိုက်ခင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်ဝေနှင့် အသင်းဝင်များ၊ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (၅၀၆)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၀

၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ တင်ပြပြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်က လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်ကြသည့် ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များဖြစ်ကြသော ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)၊ ကွန်ပျူတာ တက္ကသိုလ်(ရန်ကုန်)၊ အထက(၂) လသာ ကျောင်းအုပ်ကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက ပြိုင်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက နိဂုံးချုပ် အမှာစကား ပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား မေ ၁ ရက်မှ ၇ ရက်အတွင်း ပြိုင်ပွဲဝင်ပုံစံများကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ ထုတ်ယူရမည်ဖြစ်ပြီး ၎င်းပုံစံများကို ဖြည့်စွက်ပြီးပါက မေ ၈ ရက်မှ ၁၄ ရက်အတွင်း ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ဆားတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ရွှေဈေးမြင့်တင်ရောင်းချမှုကြောင့် ရွှေဆိုင်များ ခြောက်ကပ်နေပြီ

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏လစာကို ဧပြီလ ၁ ရက်နေ့မှ စတင်၍ တိုးမြှင့်ပေးခဲ့မှုကို မုဒိတာပွားများရမည့်အစား ရွှေကုန်သည်များနှင့် ရွှေဆိုင်ပိုင်ရှင်များက ရွှေဈေးနှုန်းကို မတန်တဆ မြင့်တင်ရောင်းချနေကြောင်း ကြားသိရသည်။

ယင်းသို့ ကြောင်းကျိုးဆီလျော်မှုမရှိဘဲ မတော်လောဘစိတ်ဖြင့် ရွှေဈေးမြင့်တင်ရောင်းချနေမှုကြောင့် ယခင်ပုံမှန်ဝယ်ယူရောင်းချမှုများပင် ရပ်တန့်ရပ်ဆိုင်းကာ ရွှေဝယ်ယူသူမရှိကြောင်းနှင့် ရွှေဆိုင်များ၌ ခြောက်ကပ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၀

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက် လေ့ကျင့်ရေးသင်တန်းကျောင်း၏ နွေရာသီ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်း အပတ်စဉ်(၂)ကို ဧပြီ ၂၄ ရက်မှ စ၍ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါနွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းတွင် အခြေခံဂေါက်သီးရိုက်သင်တန်း အားလပ်ရက် (ငါးပတ်)၊ အခြေခံဂေါက်သီးရိုက် သင်တန်း (ရုံးဖွင့်ရက် လေးပတ်)၊ အခြေခံမွမ်းမံဂေါက်သီးရိုက် သင်တန်း လေးပတ်၊ ကွင်းပတ်ဂေါက်သီးရိုက် သင်တန်းလေးပတ်၊ အဆင့်မြင့် ချန်ပီယံ ဂေါက်သီးရိုက်သင်တန်း လေးပတ် တို့ကို သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းများအနက် သင်တန်းတစ်ခုလျှင် သင်တန်းသား၊ အများဆုံး ၁၂ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်၍ဦးရာလူစနစ်ဖြင့် လက်ခံမည်ဖြစ်ပြီး သင်တန်းတွင် ဘောလုံး၊ တုတ်နှင့် ဂေါက်သီးရိုက် ကိရိယာပစ္စည်းများလည်းစီစဉ်ပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဧပြီ၂၃ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် အမည်စာရင်းပေးသွင်းနိုင်သည့်အပြင်သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၀၁-၇၀၆၇၈၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ရှား

ရန်ကုန် ဧပြီ ၂၀

၂၀၀၆ခုနှစ် ဧပြီ ၂၀ရက် မြန်မာစံတော်ချိန် ၀၃နာရီ ၁၀မိနစ် ၀၄စက္ကန့်အချိန် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၈၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းမြောက်ပိုင်း၊ အနောက်ဘက်ကမ်းရိုးတန်း ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၀အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

❒ သြစတြေးလျမှ

လော့ဟတ်မြစ်တောင်ပိုင်းရှိ ကမ်းခြေတစ်လျှောက်သို့ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း စတင်ဖြတ်သန်းတိုက်ခတ်လာခြင်းဖြစ်သည်ဟု မိုးလေဝသပညာရှင်များက ပြောကြားသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ကမ်းခြေတစ်လျှောက်ဖြတ်သန်းတိုက်ခတ်ချိန်သည် နှစ်နာရီကြာမြင့်မည်ဖြစ်ပြီး ကိတ်ယော့စ်ကျွန်းဆွယ်သို့ ဖြတ်သန်းတိုက်ခတ်လာချိန်တွင် မုန်တိုင်းအရှိန်လျော့လာမည်ဖြစ်သည်ဟု ပညာရှင်မင်ဖရက်ကပြောကြားသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သီးနှံစိုက်ခင်းများနှင့် အဆောက်အအုံများ ပျက်စီးနိုင်သည်ဟုဆိုသည်။ **အင်တာနက်။**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။

(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။

(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။

(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။

(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

တတိယအကြိမ် ဘီလိုင်စင်ဘောလုံးနည်းပြ သင်တန်းဖွင့်ပွဲ အခမ်းနားကျင်းပ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စီစဉ်မှုဖြင့် အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သည့် တတိယအကြိမ် ဘီလိုင်စင် ဘောလုံးနည်းပြဆရာသင်တန်းဖွင့်ပွဲ အခမ်းနားကို ယနေ့နံနက် ၈နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အာရှဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ Mr. Robert Lim Lee Huat က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ယနေ့မှ မေ ၁၁ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၊ ပြည်နယ်နှင့် တိုင်း၊ မြို့တော်စည်ပင်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ သင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တတိယအကြိမ် "ဘီ" လိုင်စင် ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(အား/ကာ)

ပေါ့ဆမှုကြောင့် မီးလောင်မှုများဖြစ်ပွား မီးဘေးရှောင်မလောင်ခင်တားကြရန် နှိုးဆော်

ရန်ကုန် ဧပြီ ၂၀

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့က ပညာပေးဆော်သြခြင်း၊နှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း ပေါ့ဆမှုကြောင့် ဒေသအချို့၌ မီးလောင်မှုများဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။

အရာတော်

ဧပြီ ၄ရက်ည ၇နာရီခန့်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် ဝါးရောင်းကျေးရွာ၌ ဒေါ်သန်းလှိုင် နေအိမ်မီးဖို မီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် တဲအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

အလားတူ ဧပြီ ၅ ရက်မွန်းလွဲ ၂နာရီခန့်တွင် ရန်ကုန်တိုင်း ဥက္ကံမြို့နယ် မီးလောင်စခန်း ကျေးရွာ ကမ်းမြောင်အုပ်စုနေ မဘူစံနီနေအိမ်၌ မီးဖို မီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် တဲအိမ်ကိုးလုံး၊ ပျဉ်ထောင်အိမ်နှစ်လုံး စုစုပေါင်း အိမ် ၁၁လုံး မီးလောင်ဆုံးရှုံးသွားသည်။

မော်လမြိုင်

ဧပြီ ၆ရက် မွန်းလွဲ ၁နာရီခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးချိုရပ်ကွက်နေ ဦးကာစင်၏ ဆီဂိုဒေါင်၌ ဓာတ်ဆီဖြည့်စဉ် ဂေါက်ဖြင့် ဆီတိုင်ကီရိုက်မိ၍ မီးပွားထွက်ရာမှ စတင်မီးလောင်မှုဖြစ်ပွားရာ ဆီဂိုဒေါင်တစ်လုံးနှင့် ဆီပေပါအလုံး၃၀ မီးလောင်ခံရပြီး ငွေကျပ် ၂၅၀၀၀၀၀ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၆ ရက် ညနေ ၄နာရီခွဲခန့်တွင် ပဲခူးတိုင်း (အနောက်) ပြည်မြို့ ကျောင်းကြီး အိုးတန်းရပ်ကွက်နေ ဦးစောမြသိန်း နေအိမ်၌ ဝါယာရှော့ဖြစ်ရာမှစတင်၍ မီးလောင်မှုဖြစ်ပွားရာ ပရိဘောဂနှင့် အတွင်းပစ္စည်းအနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် ၃၀၀၀၀ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၆ရက် ညနေ ၅နာရီခန့်တွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနေ ဦးသက်ကြီး၏ "စိန်ပွင့်" အရက်စက်ရုံ၌ မီးစက်နှိုးထားရာမှ ဝါယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းရာ အဆောက်အအုံတစ်လုံးနှင့် အရက်ဆီ တစ်ပေပါ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ကလောမြို့နယ်

ဧပြီ ၁၂ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် (၉)ရပ်ကွက်နေ ဦးမြင့်သိန်း နေအိမ်တွင် လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ စတင်မီးလောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရကာ ငွေကျပ် ၁၀၀၀၀၀၀ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၃ရက် ည ၉နာရီခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အောင်သပြေရပ်ကွက် အိမ်အမှတ်(၃/၂၆၂) နေ ဒေါ်လုထောင် (ခ) ဒေါ်နန်းမရော်နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ သွားရောက် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ်ငါးလုံး မီးလောင်ခံရကာ ငွေကျပ် ၂၅၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဆိပ်ခွန်ကျေးရွာ

ဧပြီ ၁၅ရက် နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာနေ တောင်သူ ဦးငွေအောင်၏ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၄၅ဦး သွားရောက် ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ် ၁၅လုံး မီးလောင်ခံရကာ ငွေကျပ် ၂၁၅၂၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၆ရက် နံနက် ၁နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက်၊ နယ်မြေ (၄)ရှိ ကိုအောင်နိုင်ဦးပိုင် လပ်ကီးစတားစားသောက်ဆိုင်၌ ဘွိုင်လာမီးဖိုမှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတင်းရသည်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၆ဦး သွားရောက် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် လက်ဖက်ရည်ဆိုင်နှင့် ကုန်မျိုးစုံဆိုင်လေးဆိုင် မီးလောင်ခံရပြီး ငွေကျပ် ၂၇၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

လှိုင်မြို့နယ်

ဧပြီ ၁၇ရက် နံနက် ၁၀နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)မိုင်ခွဲ၊ ပြည်လမ်းမပေါ်၌ ပိုင်ရှင်ဦးမျိုးမင်းဦး၏ကား (၇က/၈၃၆၃) ဘောက်စ၀ွန်း (အဖြူရောင်) မောင်းလာစဉ် ဝါယာရှော့ဖြစ်၍ မီးစတင်လောင်ရာ မီးလောင်မှုကြောင့် လေကာမှန်နှင့် ထိုင်ခုံများ မီးလောင်ခံရပြီး ငွေကျပ် ၁၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

မြိတ်မြို့

ဧပြီ ၁၉ရက်နံနက် ၁၂နာရီခွဲတွင် တနင်္သာရီတိုင်း မြိတ်မြို့ (၁၂)ရပ်ကွက်၊ ပလောင်စုကန်ဖျားရပ်နေ ဒေါ်နှင်းထွေး နေအိမ်၌ ဖယောင်းတိုင် မီးထွန်းထားရာမှ လဲကျ၍ အနီးရှိအဝတ်ပုံသို့ မီးကူးစက်လောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀ အချိန်မီ သွားရောက်ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးနှင့် တစ်ခြမ်း မီးလောင်ခံရကာ ငွေကျပ် ၁၅၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဖားကန့်

ဧပြီ ၁၉ရက် နံနက် ၁၁နာရီခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် (၁ဘီ/၁၄) ရပ်ကွက် မော်ရှန်းရွာ ဒေါ်ခန်းအောင်၏နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှစတင် မီးလောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ စုပေါင်း သွားရောက် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်သုံးလုံး မီးလောင်ခံရပြီး ငွေကျပ် ၃၀၀၀၀ခန့် ဆုံးရှုံးသွားသည်။

လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှု၊ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်များ မဖြစ်ပွားစေရေးအတွက် လူတိုင်း မိသားစုတိုင်းက **"ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး"**၊ **"စုပေါင်းကာကွယ် မီးအန္တရာယ်"**၊ **"မီးဘေးရှောင် မလောင်ခင်တား"**၊ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"** ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှုမရှိစေရန် အမြဲသတိပြု၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားသည်။ (သတင်းစဉ်)

ပြည်ပအားကစားသတင်းများ

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ အာဆင်နယ်က ဗီလာရီးယဲလ်အသင်းကို အနိုင်ရ

လန်ဒန် ဧပြီ ၂၀

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ဘောလုံးပြိုင်ပွဲကို လန်ဒန်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပရာ အာဆင်နယ်အသင်းက ဗီလာရီးယဲလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပရီမီယာလိဂ် ကလပ်အသင်းဖြစ်သော အာဆင်နယ်အသင်းသည် အိုင်ဗရီကို့စ်လူမျိုး နောက်တန်းသမား ကိုလိုတိုးရက်စ်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အောင်ပွဲခံခြင်းဖြစ်သည်။

ပထမပိုင်းမပြီးဆုံးမီ လေးမိနစ်အလိုတွင် အလက်ဇန္ဒားဟက်သ်ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးကို ကိုလိုတိုးရက်စ်က သွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် ဟိုက်ဘူရီကွင်းတွင် ကျင်းပသော ယခုပွဲတွင် အနိုင်ရရှိသော်လည်း ဂိုးအပြတ်အသတ်ဖြင့် အနိုင်ရရှိခြင်းမဟုတ်သဖြင့် လာမည့်ရက်သတ္တပတ်တွင် စပိန်နိုင်ငံ၌ ကျင်းပမည့် ဒုတိယအကျော့ပွဲ၌ ဗိုလ်လုပွဲတက်ခွင့်ရရှိရေးအတွက် အစွမ်းကုန်ကစားရမည်ဖြစ်သည်။

ယခင်ပွဲများတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်းတပ်စ်အသင်းတို့ကို အနိုင်ရရှိခဲ့သော အာဆင်နယ်အသင်းသည် ဂိုးတစ်ဂိုးမျှပေးရခြင်းမရှိဘဲ ကိုးပွဲဆက်တိုက် အနိုင်ရရှိသည့် အသင်းအဖြစ် စံချိန်တစ်ရပ် စိုက်ထူနိုင်သည်။

အကြိုဗိုလ်လုပွဲ ဒုတိယအကျော့တွင် အနိုင်ရရှိသော အသင်းသည် မေ ၁၇ရက်တွင် ပြင်သစ်နိုင်ငံ ပါရီ၌ ကျင်းပမည့် ဗိုလ်လုပွဲတွင် ဘာစီလိုနာ သို့မဟုတ် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စပိန်ကလပ်အသင်းဖြစ်သော ဘာစီလိုနာအသင်းသည် အင်္ဂါနေ့က ဆန်စီယိုကွင်းတွင် အေစီမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်အင်အေ၊ရိုက်တာ။



ဧပြီ ၁၉ ရက်က လန်ဒန်တွင် ကျင်းပသော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် အာဆင်နယ်အသင်းမှ ဖလမ်မီနီနှင့် ဗီလာရီးယဲလ်အသင်းမှ ဆန်နာတိုတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၆။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀	၉။	ခါသကြီန်အဆိုအကများ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၇)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	Goals Show
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း-၃၃)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဓဇ၊ ဓမ္မာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတဓရ၊သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊တမာတန်း၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၉)ရက် သောကြာနေ့ (၂၁-၄-၂၀၀၆)
အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၀)ရက် စနေနေ့ (၂၂-၄-၂၀၀၆)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၁)ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊
ဦးတန်ခူးလပြည့်ကျော်(၉)ရက်နေ့မှ
(၁၁)ရက်နေ့အထိ
၂၀၀၆ ခုနှစ်၊ ဧပြီ(၂၁)ရက်နေ့မှ
(၂၃)ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်
ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊
ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

နှစ်ဖက်သော မိဘများအား အမှူးထား၍ ပဲခူးတိုင်း သုံးဆယ်မြို့ လမ်းမတော်လမ်းနေ ဦးမြမောင်-သီဟသုဓမ္မသီဂီ ဒေါ်ကြင်ဉ မိသားစုက ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၀

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) ၁၉၉၄မှ ၂၀၀၅အထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် ဆရာကန်တော့ပွဲကို မေ ၁ရက် နံနက် ၁၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများတက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးစိုးဝင်းသိန်း ဖုန်း-၀၉ ၅၀ ၁၂၈၅၈၊ မလဲ့လဲ့ယု ဖုန်း-၀၉ ၅၁၀၁၇၈၃၊ ။ ကိုခင်မောင်ဦး(သားကြီး) ဖုန်း-၂၉၂၂၀၁၊ မယမင်းအေး ဖုန်း-၅၅၉၇၄၄၊ ကိုဌေးဝင်း ဖုန်း-၀၉ ၅၀၀၇၅၁၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တွံ့တေးဆရာတော် တရားပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် တွံ့တေး အရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ)သည် တန်ခူးလပြည့်ကျော် ၉ ရက်မှ ကဆုန်လဆန်း ၁၁ရက်အထိ ၁၅ ရက် တရားစခန်းပွဲကို စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် သရောင်းကျေးရွာ၊ ကဆုန်လဆန်း ၁၂ ရက်မှ ကဆုန်လပြည့်ကျော် ၃ ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို ကိုင်းဇီးဒေါင့်ကျေးရွာ ကလေးဝမြို့နယ် စစ်ကိုင်းတိုင်းတို့၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ယဉ်ကျေးမှုနှင့်စာရိတ္တ ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း မြို့နယ်အဆင့် ရပ်ကွက်ပေါင်းစုံ ရေးဖြေစာမေးပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာမူလတန်းကျောင်း အမှတ်(၄၁)တွင် ကျင်းပသည်။

စာမေးပွဲကျင်းပရာသို့ ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တသြဘာသနှင့် သီရိဇေယျာကျောင်းဆရာတော် ဘဒ္ဒန္တယုဇန၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုးနှင့် အမှုဆောင်များ လာရောက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

စာမေးပွဲသို့ မြို့နယ်အတွင်းရှိ သင်တန်းဌာန ၁၇ ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ၇၈ဦးတို့ ဝင်ရောက်ဖြေဆိုကြပြီး ထူးချွန်စွာဖြေဆိုအောင်မြင်သူများအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ထိုက်ထိုက်တန်တန်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇) လမ်းနေ ဦးညိုဖေဦး-ဒေါ်သိန်းညွန့် မိသားစု (လှမျိုးစုံ အထည်ဆိုင်၊ မင်္ဂလာဈေး၊ မြေညီထပ်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က-ပ)

သစ်သီးအလှပြုပြင် သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ နည်းပြဆရာမ ဒေါ်ဌေးဌေးဝင်း ကြီးမှူးဖွင့်လှစ်သော သစ်သီးအလှပြုပြင်မှု သင်တန်းကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး ဖုန်း-၅၇၉၉၇၃၊ ၅၆၁၄၉၅ တို့သို့ ဆက်သွယ်စုံစမ်း၍ ဝင်ခွင့်ပုံစံများ ထုတ်ယူနိုင်ကြောင်း သိရသည်။ (၆၄)

အင်းစိန် တောင်သူကုန်းရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဝါခင်းတောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား တပည့် ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဥပုသ်သည်များ၊ ယောဂီများက စုပေါင်းကန်တော့ပွဲနှင့် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့က ဆဋ္ဌမအကြိမ် ရဟန်းခံ၊ ရှင်ပြု သီလရှင်ဝတ်ပွဲ အလှူငွေပေးအပ်ပွဲကို ဧပြီ ၁၈ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က အလှူငွေကျပ် ၅၁၂၈၀၀ကို အဖွဲ့ကိုယ်စား ဒေါ်မိမိရီက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၆၁)

အနေးယာဉ်လုပ်သားများ ရဟန်းခံရှင်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

ဒလမြို့နယ် အနေးယာဉ်လုပ်သားများ၏ ပထမအကြိမ်စုပေါင်း ဒုလ္လဘ ရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၁ရက်က ဗညားဒလရပ်ကွက် မြို့ဦးကျောင်းတိုက်တွင်ကျင်းပသည်။**(အောက်ပုံ)** အနေးယာဉ် ဥက္ကဋ္ဌ ဦးညွန့်သိန်း ဦးဆောင်စီစဉ်မှုဖြင့် ဆိုက်ကားဂိတ် ၂၀မှ အနေးယာဉ်လုပ်သား၂၀ကို မနက်ကာ ရဟန်းခံပေးခြင်းဖြစ်ပြီး ဆိုက်ကားနင်းသူနှင့်ပိုင်ရှင်တို့က အလှူငွေထည့်ဝင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတက်ရောက်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်တို့ မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ တွင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၁၀ နာရီတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ သန္တိသုခမ္မောရုံ၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဝဲပျံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် ၂၃ပါးနှင့် သီလရှင်ဆရာကြီးလေးပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ်၊တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ကြပြီး မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဝဲပျံကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသ အား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီးတို့က သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဩဘာသနှင့် ဆရာတော်ကြီးများအား တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် သီလရှင်ဆရာကြီးများအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဇနီး ဒေါ်ခင် လေးမြင့်နှင့် တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသက သာဓုအနုမောဒနာတရားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီး ကျောင်း ၂၃ ကျောင်းနှင့် သီလရှင်စာသင်တိုက်လေးခုတို့အတွက် ဆွမ်းဆန်တော်အိတ် ၂၀၀၊ ဆီပိဿာ ၅၄၀၊ ဆား ၆၇၅ပိဿာနှင့် ကြက်သွန်နီ ၂၇အိတ်တို့ကို လှူဒါန်းကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်၊သံဃာတော်များနှင့် သီလရှင် ဆရာကြီးများအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဧပြီ ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ စက်မှုသင်တန်းကျောင်း(မန္တလေး)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်းက စက်မှုသင်တန်းကျောင်း၏ စာသင်ဆောင်များ နေရာချ တည်ဆောက်မှုပုံစံနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အသစ်ဆောက်လုပ်နေသော စာသင်ဆောင်များကို သတ်မှတ်ရက်အတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများကိုသုံးစွဲရာတွင် အလေအလွင့် မဖြစ်စေရန် ကြပ်မတ်ရေး၊ သုံးစွဲရာတွင်လည်း စိစစ်ချွေတာသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်မှုသင်တန်းကျောင်း (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက သင်တန်းကျောင်းအဆောက်အအုံဆောက်လုပ်ရာတွင် လက်ရာလက်သား သေသပ် ကောင်းမွန်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရေး၊ ယန္တရားသုံး စက်သုံးဆီများကို ခြိုးခြံချွေတာသုံးစွဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်သတင်း

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ကမ်းခြေ "မော်နီကာ" ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်

ဆစ်ဒနီ ဧပြီ ၂၀

တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ (၁၂၅မိုင်)နှုန်းဖြင့် တိုက်ခတ်လာသည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဩစတြေးလျနိုင်ငံ၏ ဝေးလံခေါင်သီသည့် ကမ်းခြေတစ်လျှောက်တွင် ဗုဒ္ဓဟူးနေ့က ဖြတ်သန်းတိုက်ခတ်သွားခဲ့ကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှု ရှိ–မရှိ သတင်း မရရှိသေးဟု ဆိုသည်။

မော်နီကာအမည်ရှိ အပူပိုင်းမုန်တိုင်းသည် လော့ဟတ်မြစ်အနီး သို့တိုက်ခတ်လာနေရာတာဝန်ရှိပုဂ္ဂိုလ်များက ဒေသခံများအား ဘေးကင်း ရာဒေသများသို့ သွားရောက်နေထိုင်ကြရန် သတိပေးထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❐

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ကမ်းရိုးတန်းဒေသ၌လွန်ခဲ့သည့် လက တိုက်ခတ်ခဲ့သော လာရီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့်သစ်ပင်ကြီး တစ်ပင် အမြစ်မှ ပြိုလဲနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

- ***အတုအယောင်ခေါင်းဆောင်များသည် ကျင့်ဝတ်သိက္ခာ မထိန်းကြချေ။ လောဘသာ ရှိနေသည်။ မှန်မှန်မှားမှားအရေးမထား။ ဆူဆူပူပူဝရုန်းသုန်းကားဖြစ်ချင်လည်းဖြစ်။ လူတကာ စိတ်ညစ်ချင်ညစ်။ ဘယ်သူတွေဘယ်လောက်ပင်ဒုက္ခရောက်စေ သူမမှုချေ။ သူ့ကိုယ်ကျိုးအတ္တအတွက်သာ လုပ်ဆောင်တတ်ပေသည်။***
- ***အေးချမ်းသာယာပြီး နိုင်ငံတကာနှင့်တန်းတူယှဉ်နိုင်အောင်ဖွံ့ဖြိုးတိုးတက်ချင်ကြသော ပြည်သူလူထု၏ဆန္ဒကို ပိတ်ပင်ဟန့်တားဖျက်ဆီးထားသဖြင့် လူထုတစ်ရပ်လုံးက မည်မျှအထိ ချဉ်တူးနေပြီကိုသူတို့နားမလည်ချေ။ ခါးသီးရှုံ့ရှာနေကြသည်ကို သဘော မပေါက်သေးချေ။ ဖောက်ခွဲဖျက်ဆီးရေး၊ လုပ်ကြံသတ်ဖြတ်ရေး၊ အစုလိုက်အပြုံလိုက် သေကျေစေပြီး လူတွေထိတ်လန့် ချောက်ချားအောင် အမျိုးမျိုးလုပ်ဆောင်ချင်သေး၏။ အမိုက်တကာ့ဘုရင်၊ အမှားတကာ့ ထိပ်ခေါင်ဖြစ်နေကြသည်။***

မိုးရှင်း၏ **"မဟုတ်မမှန်စွပ်စွဲချက်များဘူးပေါ်"** ဆောင်းပါး (စာမျက်နှာ–၃)